ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက်၊ ဗုဒ္ဓဟူးနေ့၊ (31-8-2005) (၄၇၀၄)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၅ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၈)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ မလေးရှားနိုင်ငံ ဘုရင် တူအန်ကူ ဆာရက် ဆီရာဂျုဒင် အီဘနီ အယ်လ်မာဟွမ် တူအန်ကူ ဆာရက် ပူထရာ ဂျာမာလူလေ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်ထား မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အာနိသင်နှင့် ဖော်စပ်ပုံကို သုတေသနပြုမှတ်တမ်းတင် သုတေသနလုပ်ငန်းဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)နှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲက ပြည်သူများ အသုံးများသည့် အိမ်သုံးဆေးအမျိုးအစားများကို လွယ်လွယ်ကူကူနှင့် လုံလုံလောက်လောက် ဝယ်ယူအသုံးပြုနိုင်ရေး၊ မိမိတို့နိုင်ငံအတွင်း အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါကဲ့သို့သည့်ဆေးဝါးများ ထုတ်လုပ်သွားရေး၊ ရောဂါအလိုက် အစွမ်းထက်မြက်သည့် အသက်ကယ်ဆေးဝါးများပါ ထုတ်လုပ်ရေးတို့အတွက် လမ်းညွှန်မှုပေးထားပြီးဖြစ်၍ စီမံကိန်းလုပ်ငန်းများကို လုပ်ငန်းအစီအစဉ်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်သွားကြရန်လို။

ကြည့်ရှုစစ်ဆေး

အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ရှိ လက်တွေ့သုတေသနပြုလုပ်ရန် ပြုစုပျိုးထောင်ထားသည့် ပရဆေးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၈-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင် မျိုးဆက်သစ်လူငယ်များအား စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍ အားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိသည်။ ယနေ့နိုင်ငံတကာ မျက်နှာစာကို ကြည့်လျှင်လည်း အဆိုပါနည်းပညာကွာဟမှု၊ ဓနအင်အား ကွာခြားမှုများနှင့်အတူ နိုင်ငံကြီးအချို့က ယင်းတို့၏ ဩဇာအာဏာလောင်းရိပ်ကို ချဲ့ထွင်ထူထောင်နေကြသည်ကို တွေ့ရသည်။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ပညာရည်မြင့်မားပြီး အသိအမြင် အတွေးအခေါ်ဆင်ခြင်တုံတရားတို့နှင့် ပြည့်စုံကြွယ်ဝမှုရှိကြရမည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်မှုတို့ ပေါင်းစည်းထားသည့် အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတကာမျက်နှာစာ၌ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို တည့်မတ်ခိုင်ကျည်စွာ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးဟူသည့် အမျိုးသားရေး မဏ္ဍိုင်ကြီးများ အားကောင်းမြဲမြံခိုင်မာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုး ဖြစ်ထွန်းမှုတို့ကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရေး၊ သိပ္ပံနှင့်နည်းပညာရပ်များတိုးတက်ထွန်းကားပြန့်ပွားလာရေး တို့အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၃) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၉ ရက် နေ့က ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင်နိုင်စေရန်အတွက် ပြည်သူအများ စွမ်းရည်ပြည့်ဝအောင်၊ ပညာရည်မြင့်မားအောင်၊ ကျန်းမာရေးကြံ့ခိုင်ကောင်းမွန်အောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုသကဲ့သို့ အမျိုးသားရေးစွမ်းအား ခါးဆက်မပြတ်စေရန်နှင့် တစ်ခေတ်ထက် တစ်ခေတ်ပိုမိုစွမ်းအားထက်မြက်မြင့်မားစေရန် မျိုးဆက်သစ်လူငယ်များကို ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများကို အလေးထားအကောင်အထည်ဖော်လျက်ရှိရာတွင် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၏ ပင်ကိုအသိပညာစွမ်းအား၊ မြော်မြင်သုံးသပ်တတ်သည့် အလေ့အကျင့်များ ပိုမို ပေါင်းစည်းနိုင်ရေး၊ အတွေ့အကြုံ၊ အသိအမြင် ဗဟုသုတတိုးပွားစေရေးတို့အတွက် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက် ရှိသည်။

ဆရာ၊ ဆရာမများသည် တစ်နေ့တခြား ကျယ်ဝန်းနက်ရှိုင်းလာနေသည့်ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက်သာမက အခြေအနေအချိန်အခါအရပ်ရပ်တွင် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ဖော်ဆောင် မြှင့်တင်ပေးနိုင်ရေးအတွက်ပါ ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အထူးသဖြင့် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များအား ပညာသင်ကြား ပြုစုပေးရာတွင် အလေ့အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းများ စွဲမြဲခိုင်မာ ခံယူတတ်လာစေရန် မျိုးစေ့ချလေ့ကျင့် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ယင်းသို့ လူငယ်များအား အရည်အသွေး၊ စွမ်းရည်စိတ်ဓာတ်နှင့် အသိပညာ၊ အတတ် ပညာများ ပြည့်စုံစေရန် ကြိုတင်လေ့ကျင့် ပုံဖော်ပေးနိုင်ခြင်းဖြင့်သာ နိုင်ငံတော်၏ အနာဂတ်သည် အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ တည်ငြိမ်ခိုင်မာစွာ ဖြစ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်း၊ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ရေးနှင့် အမျိုးသားရေးစွမ်းအား ပိုမိုထက်မြက်မြင့်မားရေးအတွက် မျိုးဆက်သစ်လူငယ်များအား စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးရေး တာဝန်များကို ဆရာ၊ ဆရာမများအပါအဝင် ပြည်သူတစ်ရပ်လုံးက ပါဝင်ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် ရော်ဘာစိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ရော်ဘာစိုက်ဧက ၃၀၀၀ ပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၃၀

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာရုံးသို့ရောက်ရှိပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ကျော်မြင့်နှင့် ခရိုင်နှင့်မြို့နယ်မန်နေဂျာများ၊ ရော်ဘာစိုက်ပျိုးသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာတိုင်းမှူးက ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ကျော်မြင့်က ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကြည်ဟန်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်နှင့် မြို့နယ်မန်နေဂျာများနှင့် ရော်ဘာစိုက်ပျိုးသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရော်ဘာစိုက်ပျိုးနေမှုနှင့် လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌများက ခရိုင်အလိုက်ရော်ဘာစိုက်ပျိုးနေမှုနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်နယ်ရော်ဘာစိုက်ဧက ၃၀၀၀ ပြည့်မီရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၈ရက်မှ ၂၉ရက်အထိ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ပဲခူးတောင်ပိုင်း သစ်ထုတ်ရေးဒေသရုံးသို့ ရောက်ရှိလာရာ ဒေသမန်နေဂျာ ဦးထွန်းအောင်က သစ်ထုတ်လုပ်မည့် စီမံချက်နှင့် သစ်တိုက်လမ်းကြောင်းများကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ညောင်လေးပင်မြို့ ပဲခူးမြောက်ပိုင်း သစ်ထုတ်ရေးဒေသရုံးသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ဒေသလက်ထောက် အထွေထွေမန်နေဂျာ ဦးစိုးမိုးက သစ်ထုတ်လုပ်မည့် စီမံချက်များ၊ ပင်ထောင်ရိုက်မှတ်ပြီးစီးမှုနှင့် သစ်တိုက်လမ်းကြောင်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် ဆင်သေဆည် ရေဝေရေလဲ စိုက်ခင်းဧက ၉၃၀သို့ ရောက်ရှိလာရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် ဦးစီးအရာရှိ ဦးအောင်နိုင်တို့က စိုက်ခင်းတည်ထောင်ထားရှိမှု၊ သဘာဝတောများ ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့သည် ဩဂုတ် ၂၉ရက် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် အမှတ်(၂၀) သစ်စက် သာဂရသို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးမောင်မောင်သက်က သစ်များ ခွဲစိတ်ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ သစ်စက်လည်ပတ်မှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ကျွန်းစိုက်ခင်း

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဖြူးမြို့နယ် ဖြူးကျွန်း ကြိုးပြင်ကာကွယ်တောနှင့် မြယာပင်ကြော ကြိုးဝိုင်းတို့၌ တည်ထောင်ထားသော ၂၀၀၅ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၁၃၀၀သို့ ရောက်ရှိလာရာ ဖြူးမြို့နယ် ဦးစီးအရာရှိ ဦးဝင်းအောင်က စိုက်ခင်းအတွင်း ကျွန်းစိုက်ပျိုးပြီးစီးမှုအခြေအနေများကို လိုက်လံပြသသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာမြို့ အမှတ်(၁၀၄) သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးမြတ်ကောင်းကျော်က သစ်ခွဲစိတ်မှု အဆင့်ဆင့်၊ ခွဲစိတ်ပြီး သစ်ခွဲသားများနှင့် လွှသွေးစက်ခန်းတို့ကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တပ်ကုန်းမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် ၂၀၀၅-၂၀၀၆ ဆင်သေဆည် ရေဝေရေလဲ စိုက်ခင်းဧက ၉၃၀ တွင် စိုက်ခင်း တည်ထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဒေါ်လှလှမြင့်နှင့် သားသမီးများက အလှူငွေကျပ် တစ်သိန်းနှစ်သောင်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်း လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ငန်းများအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၅ခုနှစ် မေ၊ ဇွန်နှင့် ဇူလိုင်လတို့အတွင်း–

တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်အက်စ်အေ(ရွှက်ဆစ်) တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ အိုက်ကျိုင်းနှင့် တပ်ကြပ်အဆင့်ရှိ အိုက်ရှဲန်တို့သည် ပစ္စတိုတစ်လက်၊ အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၉၆ တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၆၇၈) ခွဲ(၃)မှ တပ်ကြပ်ကြီးအဆင့်ရှိ အိုက်ဆောင်ယမ်းသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်အတောင့် ၃၀ တို့ဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ရွှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၇၅၉)၊ ရင်း(၂၄၂)မှ တပ်သား ဖူးမာအိုက်လောစ်၊ ကာလိန်နှင့်စိုင်းနော်တို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်(၂၂) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံသုံးခု၊ ကျည်မျိုးစုံ အတောင့် ၇၀ တို့ဖြင့်လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၄)မှ တပ်သား နေမင်းသည် လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေပီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ ခိုင်ပြည်လင်းသည် လည်းကောင်း၊ ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့၊ တပ်မဟာ(၁)မှ တပ်သား စောအက်စောနှင့် ဘီးလင်း မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ နယ်မြေတာဝန်ခံဖားကျားတို့သည်လည်းကောင်း၊ အထူးတပ်ရင်းမှ တပ်သားစောအဲထူးသည် အေကေ(၄၇)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျဉ်မျိုးစုံအတောင့် ၄၀တို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၆)၊ ရင်း(၁၇)မှတပ်ကြပ်ကြီး အဆင့်ရှိ စောဝါပွေးသည်ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်လေးတောင့်တို့ဖြင့် လည်းကောင်း။

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင် အဖွဲ့ တပ်မဟာ(၄) ရင်း(၁၀)မှ တပ်ကြပ်အဆင့်ရှိစောခါးခါးနှင့် တပ်သား တာဆိတ်ဆိတ်တို့သည် အမ် (၁၆)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်အတောင့် ၂၀၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ ရင်း(၁၂)မှ တပ်ကြပ်အဆင့်ရှိအထွန်းနှင့် တပ်သား စောအောင်ထူးတို့သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်တို့ဖြင့်လည်းကောင်း၊ ဗကပ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားသက်နိုင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်တို့ဖြင့်လည်းကောင်း။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတပ်ကြပ်အဆင့်ရှိ ထောင်တာကျဲအိုနှင့် တပ်သား ဘွဲ့ကျူးနွံတို့သည်လည်းကောင်း။

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂)၊ ရင်း(၅)မှ ဒုဗိုလ်အဆင့်ရှိ စောစောနှင့် ဌာနချုပ်မှ တပ်သား စောနစ်ဆင်တို့သည်လည်းကောင်း၊ ရင်း(၅)မှ ဒုဗိုလ်အဆင့်ရှိ ကျော်သဒိုး၊ တပ်သား စောဂဝဲမူနှင့် စောဒဲမိုးတို့သည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ရှစ်တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၆)မှ တပ်သား စောလဝါးနှင့် စောစေးထူးတို့သည် လည်းကောင်း၊ ဌာနချုပ် တပ်ခွဲမှ တပ်သား ဝင်းမြင့်သည် ကိုးလုံးထိုး သေနတ်တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသည်။ အဆိုပါရက်များအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၂၈ဦးအား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးအောင်ခင်စိုးအား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၅ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၈)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ခ်ဆီရီဆာရက်ဟာမစ်ဘင်ဆာရက်ဂျာဖာအယ်လ်ဘာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အာဆီယံ (၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က ဖိလစ်ပိုင်အသင်းကို ပွဲဦးထွက်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၅ခုနှစ် အာဆီယံအသက်(၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-23 Youth Championship 2005) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ(က)အုပ်စုမှ မြန်မာလူငယ်အသင်းနှင့် ဖိလစ်ပိုင်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက ခြောက်ဂိုး–နှစ်ဂိုးဖြင့် ပွဲဦးထွက် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ရှေ့တန်းတိုက်စစ်မှူးများဖြစ်သော ရန်ပိုင်နှင့် မာလတို့က သုံးဂိုးစီ သွင်းယူနိုင်ခဲ့သည်။

စက်တင်ဘာ ၁ရက် ဒေသစံတော်ချိန် ညနေ ၅နာရီ ၄၅မိနစ်တွင် မြန်မာလူငယ်အသင်းနှင့် တီမော(TIMORMLESTE) အသင်းတို့က (က)အုပ်စု ဒုတိယပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (သတင်းစဉ်)

အာဆီယံ (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ် အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၅ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-17 Youth Championship 2005)ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းက (က)အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြိုင်ပွဲတွင် (က)အုပ်စုမှ ထိုင်းလူငယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ထိုင်းလူငယ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် ပထမပိုင်း ၃၃မိနစ်တွင် ပြည့်ဖြိုးဦးကတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

(က)အုပ်စုပတ်လည်ပြိုင်ပွဲ ယနေ့ညနေပိုင်းတွင် ပြီးစီးသွားရာ ထိုင်းလူငယ်အသင်းက အုပ်စုပထမရပြီး မြန်မာလူငယ်အသင်းက အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စက်တင်ဘာ ၂ရက် ဒေသစံတော်ချိန် ညနေ ၆နာရီတွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်အသင်းသည် (ခ)အုပ်စု ပထမရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ဆက်

ရန်ကုန် ဩဂုတ် ၃၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ၏ ပဉ္စမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်များကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အကြံပေးပညာရှင်များဖြစ်ကြသော စာရေးဆရာ ဦးချစ်စံဝင်းနှင့် ဦးချစ်ဦးညို၊ ဇာတ်ညွှန်းအကယ်ဒမီ ဦးငြိမ်းမင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တပ်မှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်/စစ်သမီးများနှင့် အနုပညာ ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ စာရေးဆရာ ဦးချစ်ဦးညိုက "ဇာတ်ခုံပေါ်မှ ရသများ"ခေါင်းစဉ်ဖြင့် ပညာပေး ဟောပြောသည်။

ဆက်လက်၍ ပြဇာတ်ပြိုင်ပွဲကို ကျင်းပရာ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက "စိတ်ရိုင်းကို အတိတ်သမိုင်းမှာ ထားလိုက်ပြီ" ပြဇာတ်ဖြင့်လည်းကောင်း၊ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲက "သဘောတူရင် လက်ခုပ်တီးပါ" ပြဇာတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် ပညာရှင်များ ဖြစ်ကြသည့် စာရေးဆရာ ဦးချစ်ဦးညိုနှင့် ဦးချစ်စံဝင်း၊ ဇာတ်ညွှန်းအကယ်ဒမီ ဦးငြိမ်းမင်းတို့က ပြိုင်ပွဲဝင် ပြဇာတ်တစ်ခုချင်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ညပိုင်းတွင် အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲက ပြည်ကြီးမဏ္ဍိုင် အငြိမ့်အဖွဲ့ဖြင့် ယှဉ်ပြိုင်ကြသည်။

ဩဂုတ် ၂၈ရက်ကလည်း အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲက "မုန်တိုင်းလွင့်ချိန် ပန်းပွင့်ချိန်" ပြဇာတ်ဖြင့်လည်းကောင်း၊ အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက "ဒို့ထားရစ်ခဲ့မည့် အမွေအနှစ် ရွှေနိုင်ငံသစ်ဖြစ်ရမည်" ပြဇာတ်ဖြင့်လည်းကောင်း၊ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲက စိန်သရဖူ အငြိမ့်အဖွဲ့ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ပဉ္စမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့အစီအစဉ် ယှဉ်ပြိုင်မှုအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုအားပေးစဉ်။

(ထ–ပ–ဆ)

မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်

မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနကကြီးကြပ်၍ အခြေခံအလွှာအလိုက် မကြာမီပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံဂီတ အစည်းအရုံးဝင်များမပျက်မကွက် တက်ရောက်ရွေးချယ်ပေးနိုင်ရန် ကြိုတင်အသိပေးအပ်သည်။ အဆိုပါ ရွေးချယ်ပွဲ များတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်များနှင့် အစည်းအရုံးဝင် မဖြစ်သေးသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက် ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။ သို့ပါ၍ အောက်ဖော်ပြပါ နေ့ရက်များအတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ နံနက် ၁၀ နာရီမှစ၍ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

(၁)	**မဟာဂီတနှင့် ကာလပေါ်ဂီတအလွှာ**	၅–၉–၂၀၀၅
(၂)	**စတီရီယိုအလွှာ**	၆–၉–၂၀၀၅
(၃)	**စက်မှုနှင့် ထုတ်လုပ်ဖြန့်ချိအလွှာ**	၇–၉–၂၀၀၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန

အီရတ်စစ်ပွဲကြောင့် အစွန်းရောက်တို့ အင်အားတိုးပွားလာနိုင် ဗြိတိသျှအစိုးရ၏ နိုင်ငံခြားရေးမူဝါဒ ဝေဖန်ခံရ

လန်ဒန် ဩဂုတ် ၂၉

အီရတ်စစ်ပွဲသည် ဗြိတိန်နိုင်ငံတွင် အစွန်းရောက်သူများ စုဆောင်းနေမှုကို မီးလောင်ရာလေပင့်သလို ဖြစ်နေသည်ဟု လန်ဒန်တွင် ဗုံးပေါက်ကွဲမှုမဖြစ်ပွားမီ လွန်ခဲ့သည့်တစ်နှစ်ကပင် သတိပေးခဲ့ကြောင်း အော့ဗ်ဆားဗား သတင်းစာက ရေးသားသည်။

နိုင်ငံခြားရေးဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန် မိုက်ကယ်ဂျေးက ဝန်ကြီးအဖွဲ့ အတွင်းရေးမှူး အင်ဒရူးတန်းဘူးထံ ပေးပို့သော ပေါက်ကြားသွားသည့် လျှို့ဝှက် သတင်းဖော်ပြထားသော စာတစ်စောင်ကို သတင်းစာက ကိုးကားဖော်ပြထားသည်။

ရေးသား

ဗြိတိသျှ နိုင်ငံခြားရေး မူဝါဒသည် တစ်ခါလာ မဲပြာပုဆိုး ဆိုသကဲ့သို့ ဗြိတိသျှ မွတ်စလင် အသိုက်အဝန်းအတွင်း အပ်ကြောင်းထပ်နေသည့် ပြဿနာဖြစ်နေကြောင်း၊ အထူးသဖြင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အီရတ်ကိစ္စတို့ ဖြစ်ကြောင်း စသည်ဖြင့် အဆိုပါ သတင်းစာက ရေးသားသည်။

ငြင်းဆို

ဗြိတိသျှတပ်ဖွဲ့များ အီရတ်သို့ရောက်ရှိနေမှုကြောင့် ဗြိတိန်နိုင်ငံအတွင်း အကြမ်းဖက်သမားများတိုက်ခိုက်နိုင်ပြီး လုံခြုံမှုမရှိဟူသည့် ပြောဆိုချက်ကို ဗြိတိန်တွင် ဇူလိုင် ၇ ရက်က ဗုံးပေါက်ကွဲပြီးသည့်နောက် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲကကြိမ်ဖန်များစွာ ငြင်းဆိုခဲ့သည်။

သွေးထိုးပေး

ဗြိတိသျှနိုင်ငံခြားရေးမူဝါဒနှင့် ကမ္ဘာတစ်ဝန်းရှိမွတ်စလင်များအပေါ်ဆိုးကျိုးသက်ရောက်စေသည့် အမြင်သဘောထားသည် သွေးထိုးပေးရာတွင် အဓိကအခန်းမှပါဝင်ခဲ့သည်ဟု သတင်းစာက ဖော်ပြသည်။

အဓိကတွန်းအား

ယင်းကိစ္စသည် အစွန်းရောက်အဖွဲ့အစည်းများက လူအင်အားစုဆောင်းမှုနောက်ကွယ်မှ အဓိကတွန်းအားပေးသည့် မောင်းနှင်အား တစ်ရပ်ဖြစ်နေဖွယ်ရှိသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တွင် ဇူလိုင် ၇ ရက်က ဗုံးဖောက်ခွဲမှုကို နိုင်ငံအတွင်းရှိ ဗုံးဖောက်ခွဲသမားများက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဖောက်ခွဲသူသုံးဦးသည် ပါကစ္စတန်နွယ်ဖွား ဗြိတိသျှလူမျိုးများဖြစ်ပြီး ကျန်တစ်ဦးမှာ ဗြိတိန်နိုင်ငံသား ခံယူထားသူတစ်ဦးဖြစ်သည်။ ***အင်တာနက်။***

ဗုံးပေါက်ကွဲမှုကြောင့်ပျက်စီးသွားသော ယာဉ်တစ်စီး၏ အပျက်အစီးများပေါ်၌ ကစားနေကြသည့် အီရတ်ကလေးများကို ဘဂ္ဂဒက်တောင်ပိုင်း ဂျဘာလာအရပ်တွင် ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်တရုတ်ပင်လယ်တွင် ဆိုက်စမစ်တိုင်းတာမှုလုပ်ငန်း တရုတ်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် ပူးပေါင်းဆောင်ရွက်

ပေကျင်း ဩဂုတ် ၂၉

တောင်တရုတ် ပင်လယ်ပြင်တွင် အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းကို တရုတ်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်မှုစတင်သည့် အခမ်းအနားတစ်ရပ်ကို သောကြာနေ့တွင် ကျင်းပကြောင်း တရုတ်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အကြီးဆုံးကုမ္ပဏီ

မိမိတို့ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုသည် တောင်တရုတ်ပင်လယ်ပြင်တွင် အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေးလုပ်ငန်း၌ ပါဝင်လုပ်ကိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံရှိ ကမ်းလွန် ရေနံတူးဖော်ရေးအကြီးဆုံးကုမ္ပဏီဖြစ်သည့် တရုတ်အမျိုးသားကမ်းလွန် ရေနံကော်ပိုရေးရှင်းက ပြောကြားသည်။

ကျင်းပ

တောင်တရုတ်ပင်လယ်တွင်အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းစတင်မှုအထိမ်းအမှတ်အခမ်းအနားကို တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ရှန်ကျင့်မြို့တွင်ကျင်းပခဲ့သည်။ တရုတ်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းကို ပူးတွဲပြုလုပ်ခြင်းဖြင့် ပိုင်နက်နယ်မြေအငြင်းပွားမှုရှိနေသော တောင်တရုတ်ပင်လယ်တွင် ဒေသတွင်းရှိ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာသည့် လက္ခဏာများကို ထင်ဟပ်လျက်ရှိသည်။

တောင်တရုတ်ပင်လယ်တွင်အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းကို ပူးတွဲဆောင်ရွက်ကြရန် အဆိုပါသုံးနိုင်ငံမှ နိုင်ငံပိုင်ရေနံကုမ္ပဏီသုံးခုတို့ ယခုနှစ် မတ်လအတွင်းက သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ အဆိုပါသုံးနိုင်ငံသည် လာမည့်သုံးနှစ်တာကာလအတွင်း တောင်တရုတ်ပင်လယ်ရှိ ၁၄၀၀၀၀ စတုရန်းကီလိုမီတာ နယ်မြေအတွင်း ဆိုက်စမစ်သတင်းအချက်အလက်များ ရရှိအောင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။
အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံတွင် ကူးတို့သင်္ဘောဗုံးဖောက်ခွဲမှု အကြမ်းဖက်သမား၏ လက်ချက်ဟု အတည်ပြု

မနီလာ ဩဂုတ် ၂၉

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသရှိ ဘာစီလန်ကျွန်းတွင် ကူးတို့သင်္ဘောပေါ်၌ တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲခဲ့မှုသည် လက်လုပ်ဗုံးအသုံးပြု၍ အကြမ်းဖက်သမားက တိုက်ခိုက်ခဲ့မှုဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က အတည်ပြုပြောကြားလိုက်သည်။ သို့ရာတွင် ဗုံးခွဲမှု၏ နောက်ကွယ်မှ မည်သူမည်ဝါကြိုးကိုင်နေသည်ကိုမူ ဆုံးဖြတ်နိုင်ခြင်း မရှိသေးဟု ဆိုသည်။

၃၀ဒဏ်ရာရ

လစ်မီတန်မြို့ဒန်ကလန်ဆိပ်ခံတံတားတွင် ဒိုနာရိုမိုနာ ကူးတို့သင်္ဘောပေါ်၌ ဒေသ စံတော်ချိန် နံနက် ခုနစ်နာရီတွင် ဗုံးပေါက်ကွဲခဲ့ပြီး ယင်းတိုက်ခိုက်မှုသည် အဘူဆေယက်ဒေသခံ အကြမ်းဖက်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ပြောရန်မှာ အချိန်စောနေသေးသည်ဟု စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ ပတ်စကျူရယ်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၃၀ဒဏ်ရာရရှိခဲ့ပြီး ခြောက်ဦးမှာ ဆိုးဆိုးရွားရွားဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

တိုက်ခိုက်သူ မည်သူမည်ဝါဟု သိရှိရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဟု ၎င်းကဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူလိုက်ပါခြင်းမရှိသည့်လေယာဉ်ငယ် အီရန်တွင် ပျက်ကျ

တီဟီရန် ဩဂုတ် ၂၉

အီရန်နိုင်ငံ လိုရက်စတန်ပြည်နယ် အလယ်ပိုင်းရှိ တောင်တန်းများပေါ်တွင် လူလိုက်ပါခြင်းမရှိသည့် လေယာဉ်ငယ်တစ်စင်းပျက်ကျသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္ဂနွေနေ့တွင်ပြောကြားသည်။ သို့ရာတွင် ယင်းလေယာဉ်သည် မည်သည့်နေရာဒေသမှ ပျံသန်းလာခြင်းနှင့် ပတ်သက်သည့်ကိစ္စကို သဲသဲကွဲကွဲ မသိရဟု ဆိုသည်။

အဆိုပါလေယာဉ်နှင့်ပတ်သက်သည့် ဇာစ်မြစ်ကို မိမိတို့ဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့သော လေယာဉ်များနှင့် ပတ်သက်၍ အီရန်ရှိ မီဒီယာသတင်းဌာနများက ခန့်မှန်းရေးသားနေသည့် ပြဿနာတစ်ရပ်ဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန် တပ်ဖွဲ့ဝင်များက ယင်းလေယဉ်ပျံများကို အာဖဂန်နစ္စတန်နိုင်ငံတွင် အသုံးပြုခဲ့ပြီးနောက် အီရန်နိုင်ငံတွင် သူလျှိုလုပ်ရန် အသုံးပြုနေသလောဟု သတင်းဝေဖန်သူများက ဝေဖန်ရေးသားနေကြသည်။

အီရန်နိုင်ငံ၏ အငြင်းပွားလျက်ရှိသော နျူကလီးယား အစီအစဉ်အကောင်အထည်ဖော်ရာ နေရာသည် အီရန်နိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိနေသည်။ အီရန်အစိုးရသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန်ကြိုးပမ်းနေသည်ဟု အမေရိကန် အစိုးရက စွပ်စွဲပြီး အီရန်အစိုးရက မဟုတ်မမှန်ကြောင်းငြင်းဆိုခဲ့သည်။
အမ်အင်အေ၊ဆင်ဟွာ။

ဂရိနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုတိုးတက်

အေသင် ဩဂုတ် ၂၉

ဂရိနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသည် လာရောက်မှုမှာ ၂၀၀၅ ခုနှစ်တွင် ၁၁ ဒသမ ၅ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ဂရိခရီးသွားလုပ်ငန်းဝန်ကြီး ဒီမီထရစ်အဗရာမိုပိုလော့စ်က သောကြာနေ့တွင်ပြောကြားသည်။

စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် ကမ္ဘာလှည့်ခရီးသည်များလာရောက်မှုမှာ တိုးတက်မည့်အလားအလာရှိကြောင်း အင်အီးတီရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတွင်ဝန်ကြီးကပြောကြားသည်။ဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆည်းပေးရာတွင် အရည်အသွေးပြည့်မီစေရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရန် ဝန်ကြီးက ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများအား တိုက်တွန်းသည်။ဂရိနိုင်ငံသည်ခရီးသွားလုပ်ငန်းအစီအစဉ်များဖြင့် တစ်နှစ်ပတ်လုံးစည်ကားနေသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တစ်နေရာတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ်၂၇ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စင်ကာပူနှင့် ပါကစ္စတန် ကုန်သွယ်ရေးဆွေးနွေး

စင်ကာပူ ဩဂုတ် ၂၉

စင်ကာပူနှင့်ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ရရှိရေးနှင့်ပတ်သက်၍ သောကြာနေ့က ပထမအကျော့ဆွေးနွေးပွဲကို ဖွင့်လှစ်လိုက်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင်ဖော်ပြသည်။

စင်ကာပူနှင့်ပါကစ္စတန်နိုင်ငံတို့မှ တာဝန်ရှိသူများသည်ကုန်ပစ္စည်းဆိုင်ရာကုန်သွယ်ရေးကိစ္စရပ်များ၊ ဝန်ဆောင်မှုဆိုင်ရာကုန်သွယ်ရေးကိစ္စရပ်များ၊ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို လွန်ခဲ့သည့် သုံးရက်တာကာလအတွင်း ဆွေးနွေးခဲ့ကြကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။
အမ်အင်အေ၊ဆင်ဟွာ။

အီရတ်စစ်ပွဲတွင်အမေရိကန်တပ်ဖွဲ့ဝင် ၁၈၇၈ဦးသေဆုံး

ဝါရှင်တန် ဩဂုတ် ၂၉

အီရတ်စစ်ပွဲ ၂၀၀၃ခုနှစ်မတ်လအတွင်း စတင်ဖြစ်ပွားပြီးခဲ့သည့်နောက် ၂၀၀၅ခု ဩဂုတ်လ ၂၉ ရက် တနင်္လာနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၈၇၈ဦးထက်မနည်း အီရတ်တွင် သေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ စာရင်းဇယားများအရ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၅၇ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရှိရသည်။ ယင်းစာရင်းများတွင် စစ်ဘက်ဆိုင်ရာ တာဝန်ထမ်းနေသူအရပ်သားများ ပါဝင်သည်။ အေပီသတင်းဌာန၏ စာရင်းဇယားများသည် အမေရိကန်ကာကွယ်ရေးဌာန၏ စာရင်းများထက် ငါးဦး ပိုမိုလျက်ရှိသည်။

ဗြိတိသျှစစ်ဘက်က တပ်ဖွဲ့ဝင် ၉၃ဦး၊ အီတလီ ၂၆ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ဘူဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယား တစ်ဦးစီ သေဆုံးခဲ့သည်ဟု ဖော်ပြခဲ့သည်။ သမ္မတဘုရှ်က အီရတ်တွင်အထင်ကရ တိုက်ခိုက်မှုများပြီးဆုံးခဲ့သည်ဟု မေ၁ရက်ကပြောကြားပြီးခဲ့သည့်နောက် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၇၃၉ဦးရှိသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။ ယင်းစာရင်းတွင် တိုက်ခိုက်မှုကြောင့် သေဆုံးသူ တပ်ဖွဲ့ဝင် ၁၃၄၈ဦးရှိသည်ဟု စစ်ဘက်စာရင်းများအရ သိရှိရသည်။ ***အင်တာနက်။***

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်နိုင်ငံတွင် မြင့်တင်

ဟန္နိုင်း ဩဂုတ် ၂၉

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ် ပထမရှစ်လတာကာလတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံနီးပါးရှိပြီး ၄၉ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်လုပ်ငန်း စီမံကိန်း ၄၉၀ ကို ခွင့်ပြုချက်ထုတ်ပေးထားရာ ၈၈ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁၂ ဒသမ ၆ ရာခိုင်နှုန်းခန့် အသီးသီး မြင့်တက်လာကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဦးစီးဌာနက သောကြာနေ့တွင် ဆင်ဟွာသတင်းဌာနကို ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ဘီလီယံရှိ တိုးချဲ့စီမံကိန်း ၃၂၈ ခုကို ဆွဲဆောင်ခဲ့ရာ ၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၄ ရာခိုင်နှုန်း အသီးသီး မြင့်တက်လာသည်။ ယခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၅ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။

ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအနက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကို စက်မှုလုပ်ငန်းကဏ္ဍတွင်လည်းကောင်း၊ ဒေါ်လာ ၁ဘီလီယံကို ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီသို့ ပူတင်လာရောက်မည်

ဘာလင် ဩဂုတ် ၂၉

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စက်တင်ဘာ ၈ ရက်တွင် ဂျာမနီနိုင်ငံသို့ အလုပ်သဘော အလည်အပတ် လာရောက်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်က သောကြာနေ့တွင် ဖော်ပြသည်

ပူတင်သည် ဂျာမနီသို့ ရောက်ရှိစဉ် နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးရန် ဂျာမနီဝန်ကြီးချုပ် ဂါးဟတ်ရှရိုးဒါးနှင့် တွေ့ဆုံမည်ဖြစ်သည်။ စွမ်းအင်ကဏ္ဍ၊ လူမှုရေးစီမံကိန်း၊ လူသားချင်း စာနာရေးစီမံကိန်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အဓိကဆွေးနွေးကြမည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ မြူးနစ်မြို့မြောက်ဘက် ကယ်လဟမ်အရပ်အနီးရှိ ရှေးဟောင်းအဆောက်အအုံတစ်ခု ရေမြုပ်နေသည်ကို ဩဂုတ်၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အိုမန်မှ သဘာဝဓာတ်ငွေ့ရည်ကို အင်ဒိုနီးရှား ဝယ်ယူဖွယ်ရှိ

ဂျကာတာ ဩဂုတ် ၂၉

အင်ဒိုနီးရှားနိုင်ငံသည် အိုမန်နိုင်ငံမှ သဘာဝဓာတ်ငွေ့ရည်ကို ဝယ်ယူရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကြာသပတေးနေ့ထုတ် ဂျကာတာပို့စ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဓာတ်ငွေ့ရည်ဝယ်ယူရေးကိစ္စအဆင်ပြေခဲ့လျှင် ဓာတ်ငွေ့ရည် ကုဗမီတာ ၁၂၅၀၀၀ ကို ယခုနှစ်ကုန်ပိုင်းတွင် တင်သွင်းမည်ဖြစ်ကြောင်းနှင့် လာမည့်နှစ် အစောပိုင်းတွင် နောက်ထပ် ဓာတ်ငွေ့ရည်များ ထပ်မံရရှိမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာတွင် ရေးသားထားသည်။

အိုမန်နိုင်ငံနှင့် ကာတာနိုင်ငံတို့မှ သဘာဝဓာတ်ငွေ့ရည် ဝယ်ယူရေးကိစ္စကို ဆွေးနွေးရန် ပြည်သူ့ရေးရာဝန်ကြီးအယ်လ်ဝီရှီဟတ်ကို အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်း ယူဒိုယူနိုကတာဝန်ပေးထားသည်။

ပြည်နယ်ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း ပီတီပီတာမီနာနှင့် ရေနံနှင့် ဓာတ်ငွေ့ထိန်းချုပ်ရေးအဖွဲ့ (ဘီပီဓာတ်ငွေ့) တို့သည် ဓာတ်ငွေ့ရည်ပို့ဆောင်မှု အစီအစဉ်နှင့် ဈေးနှုန်းကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

- အခွင့်အလမ်း -

ကာတာနိုင်ငံသည် ၂၀၀၆ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်ပို့ဆောင်ပေးရန် အခွင့်အလမ်းရှိသည်ဟု အယ်လ်ဝီက ပြောကြားသည်။

ကာတာနိုင်ငံမှ တင်ပို့သည့် သဘာဝဓာတ်ငွေ့ရည်ပမာဏကို ယခုအချိန်ထိ မဆုံးဖြတ်ရသေးကြောင်း သိရသည်။

အာချေးပြည်နယ် ဓာတ်မြေဩဇာစက်ရုံများအတွက် သဘာဝဓာတ်ငွေ့ရည် လိုအပ်လျက်ရှိသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်သော အက်စွန်မိုဘိုင်းနှင့် သဘာဝဓာတ်ငွေ့ရည်အတွက် ကန်ထရိုက်စာချုပ် ချုပ်ဆိုထားသောကိစ္စသည် ဇူလိုင်လအစောပိုင်းတွင် သက်တမ်းကုန်ဆုံးပြီးနောက် ယခုကဲ့သို့ ကုန်ကြမ်းရရှိရေး အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရွှေ့ပြောင်း အခြေစိုက်အလုပ်သမားများဆိုင်ရာ ဥပဒေမူဘောင်သစ် ပေါ်ထွန်းလာရန် လိုအပ်

ဗန်ကောက် ဩဂုတ် ၂၉

ရွှေ့ပြောင်းအခြေစိုက် အလုပ်သမားများနှင့် ပတ်သက်နေသော ဥပဒေစည်းမျဉ်းများ ရေးဆွဲချမှတ်နိုင်စေမည့် မူဘောင်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အာရှနိုင်ငံများက ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂ အထက်တန်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

တွေ့ကြုံခံစား

ရွှေ့ပြောင်းအခြေစိုက် အလုပ်သမားများသည် အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော်လည်း ယင်းအလုပ်သမားများမှာ တရားမျှတမှုမရှိသည့် ပြုမူဆက်ဆံမှုများကို တွေ့ကြုံခံစားနေရသဖြင့် လိုအပ်သည့် ဥပဒေစည်းမျဉ်းများ ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ရန် မူဘောင်သစ်တစ်ရပ် လိုအပ်ကြောင်း ဒေသဆိုင်ရာ ရွှေ့ပြောင်း အခြေစိုက်အလုပ်သမားများဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်တွင် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ လူမှုရေးကော်မရှင် (အက်စကက်) အမှုဆောင်ညွှန်ကြားရေးမှူး ကင်ဟက်စုက ပြောကြားသည်။

နိုင်ငံတကာ ရွှေ့ပြောင်းအခြေစိုက် အလုပ်သမားများ၏ အရေးကိစ္စကို အမျိုးသားစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒရေးဆွဲချမှတ်ရာ၌ ပေါင်းစပ်ထည့်သွင်းသင့်ကြောင်း နှီးနှောဖလှယ်ပွဲအပြီး ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင်ဖော်ပြထားသည်။ သုံးရက်ကြာကျင်းပသည့် အဆိုပါ နှီးနှောဖလှယ်ပွဲသို့ အာရှနိုင်ငံ ၁၂နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၁၅ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာမြေလေ့လာရေးဂြိုဟ်တု ရုရှားအောင်မြင်စွာလွှတ်တင် သဘာဝဘေးအန္တရာယ်များ စောင့်ကြည့်လေ့လာမည်

မော်စကို ဩဂုတ် ၂၉

ကမ္ဘာမြေကို ကောင်းကင်မှ စောင့်ကြည့်လေ့လာမည့် ဂြိုဟ်တုတစ်လုံးကို ရုရှားနိုင်ငံက ဩဂုတ် ၂၆ ရက်တွင် လွှတ်တင်ခဲ့သည်။

မော်နီတာ-အီးအမည်ရှိ ဂြိုဟ်တုအား ရိုကို ဒုံးပျံကိုအသုံးပြုကာ ရုရှားနိုင်ငံမြောက်ပိုင်းရှိ ပလေဆက်စကီး အာကာသစခန်းမှ မော်စကို စံတော်ချိန် ၂၂း၃၄ နာရီအချိန်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း အာကာသအင်အားစုဌာနမှ ဗိုလ်မှူးကြီး အဲလက်ဆေးကူးစ်နက်ဆောဖ်က အီတာ့တပ်စ်သတင်းဌာနကို ပြောကြားခဲ့သည်။

ရိုကိုဒုံးပျံသည် ၇၅၀ ကီလိုဂရမ်လေးသောဂြိုဟ်တုကို ကမ္ဘာမြေပြင်မှ အမြင့်မိုင် ၅၄၀အကွာအဝေးသို့ ရောက်အောင် လွှတ်တင်ပေးမည်ဖြစ်သည်။

ကမ္ဘာမြေပေါ်တွင် ဖြစ်ပေါ်နေသော သဘာဝဘေး အန္တရာယ်များကို စောင့်ကြည့်လေ့လာခြင်း၊ ကမ္ဘာ့မြေပုံထုတ်လုပ်ခြင်း၊ သစ်တောနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ အခြေအနေကို စောင့်ကြည့်လေ့လာခြင်း စသည့် လုပ်ငန်းများကို မော်နီတာ-အီးဂြိုဟ်တုက ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့မျှသာမကသေး ကမ္ဘာမြေပြင်၏ ပထဝီသွင်ပြင်အနေအထား တိုင်းတာခြင်း၊ သဘာဝရာသီဥတုနှင့် ဂေဟစနစ်ကို စောင့်ကြည့်လေ့လာခြင်းနှင့် သယံဇာတရှာဖွေရေး လုပ်ငန်းများကိုလည်း ထိုဂြိုဟ်တုက ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယင်းဂြိုဟ်တုကို သက်တမ်းငါးနှစ်ကြာ အာကာသအတွင်း၌ ပျံသန်းနေစေရန် စီစဉ်ကာစေလွှတ်ခဲ့ကြောင်း သိရသည်။

ရိုကိုဒုံးပျံမှာ အာရ်အက်စ်-၁၈ တိုက်ချင်းပစ်ဒုံးပျံကို အသွင်ပြောင်းထားသော ဒုံးဖြစ်သည်။ ၂၀၀၂ ခုနှစ်မှစ၍ ထိုဒုံးပျံကို အသုံးပြု၍ အာကာသမစ်ရှင်များကို အောင်မြင်စွာ လွှတ်တင်ခဲ့သည်မှာ လေးကြိမ်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မစ္စစ္စပီပြည်နယ် ဘယ်လိုစီမြို့ရှိ ကမ်းနားဒေသတွင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံများ ပြိုကျနေသည်ကို ဩဂုတ် ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟာရီကိန်းမုန်တိုင်းကြောင့် လူ ၈၀ အထိ သေဆုံးရပြီ မစ္စစ္စပီပြည်နယ်တွင် ပျက်စီးထိခိုက်မှု အလွန်များပြား

ဘယ်လိုစီ ဩဂုတ် ၃၀

အမေရိကန်ပြည်ထောင်စု မက္ကစီကို ပင်လယ်ကွေ့ကမ်းရိုးတန်းဒေသတွင် ကက်ထရီနာအမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နိုင်ငံတောင်ပိုင်း မစ္စစ္စပီပြည်နယ်တွင် သေဆုံးရသူဦးရေမှာ အင်္ဂါနေ့အထိ ၈၀ ရှိပြီဖြစ်ကြောင်း၊ ယင်းမုန်တိုင်းကြောင့် မြေနိမ့်ပိုင်းအရပ်တွင် တည်ရှိသော နယူးအော်လန်းမြို့တွင် နေအိမ်များနှင့်လမ်းများ ရေနစ်မြုပ်နေကြောင်း မစ္စစ္စပီပြည်နယ်အုပ်ချုပ်ရေးမှူး ဟယ်လီ ဘာဆိုယာက ပြောကြားသည်။

ပြောကြား

ဟာရီကိန်းမုန်တိုင်းကြောင့် ဘယ်ရစ်ဆန်ခရိုင်တွင် လူသေဆုံးမှုများဖြစ်ပွားခဲ့ကြောင်း၊ အခြားသော ခရိုင်များ၏ ထိခိုက်မှုအခြေအနေကို မိမိတို့ သုံးသပ်လျက်ရှိကြောင်း ဘာဆိုယာက ပြောကြားသည်။

ဘယ်လိုစီမြို့တွင် တိုက်ခန်းတွဲနေအိမ်အဆောက်အအုံ တစ်လုံးပြိုကျမှုကြောင့် လူ ၃၀ သေဆုံးရကြောင်း၊ ယင်းမြို့တွင် လူရာပေါင်းများစွာမှာ နေအိမ်ခေါင်မိုးများပေါ် တက်နေကြရကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

အာမခံလျော်ကြေး

အဆောက်အအုံများ ပြိုကျခြင်း၊ မော်တော်ဘုတ်များ နစ်မြုပ်ခြင်း၊ ကားများပျက်စီးခြင်း၊ သစ်ပင်များ ပြိုလဲခြင်း၊ နေအိမ်များ ရေနစ်မြုပ်ခြင်းတို့ဖြစ်ပေါ်ရကြောင်း၊ အာမခံလုပ်ငန်းကုမ္ပဏီများအနေဖြင့် ဒေါ်လာ ၂၆ ဘီလီယံအထိ လျော်ကြေးပေးရဖွယ်ရှိသည်ဟု ခန့်မှန်းရပြီး ယင်းမှာ အမေရိကန်နိုင်ငံသမိုင်းတွင် သဘာဝကပ်ဘေးဆိုက်ရောက်မှုကြောင့် အာမခံကြေးပေးရသည့် စံချိန်တင်ငွေကြေးပမာဏဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိုဘယ့် ....BBC

ခြင်ကျား(မအူပင်)

နိုင်ငံတကာမှာ နည်းပညာဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ သတင်းနဲ့ ဆက်သွယ်ရေးပညာဟာ အရေးပါ တွင်ကျယ်လာခဲ့ပါတယ်။ သတင်းနဲ့ အချက်အလက်တွေကို တလွဲအသုံးချနေမှုတွေလည်း နေ့စဉ်နဲ့အမျှ ပေါ်ပေါက်နေတာကြောင့် အမျိုးသားရေးကိုယ်ခံအင်အားကောင်းတဲ့ မျက်စိနဲ့နားကို ပြင်ဆင်ထားကြရပါလိမ့်မယ်။ ပြည်တွင်းကရော ပြည်ပကပါ ဝင်ရောက်လာတဲ့ သတင်းတွေကို မှန်မမှန်၊ ဟုတ်မဟုတ်ခွဲခြားစိစစ်ဖို့ လိုလာပြီဖြစ်ပါတယ်ဗျာ။

အခုတလော ပြည်ပအသံလွှင့်ဌာနတွေကနေ မြန်မာနိုင်ငံက ဒေသအဖွဲ့အစည်းနဲ့ ဝန်ထမ်းအဖွဲ့အစည်းအချို့ရဲ့ လူပုဂ္ဂိုလ်အချို့ကိုအခြေခံတဲ့ သတင်းတွေကိုသာမကဘဲ BBC ဆိုရင် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံတော်နဲ့ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံထားတဲ့ သတင်းတွေကို တောင် မတော်မတရားစော်ကားပြီး ထုတ်လွှင့်လာတာ ကြားလိုက်ရပါတယ်။ ဒီသတင်းတွေပေးပို့နိုင်အောင်လည်း ပြည်ပအသံလွှင့်ဌာနတွေက ရေလာမြောင်းသွယ်လိပ်စာပေးဆက်သွယ် ထပ်တလဲလဲနှိုးဆော်ခဲ့ကြပါတယ်။ ပေးပို့သူတွေကလည်းပင်ကိုက အမျိုးသားရေး ကိုယ်ခံအင်အား နည်းရှာလေတော့ နိုင်ငံနဲ့လူမျိုး အကျိုးရှိ မရှိ မစဉ်းစား မဆင်ခြင်တော့ဘဲ မိမိရဲ့ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးရှေ့တန်းတင်ပြီးလုပ်ကြံဖန်တီး ပေးပို့နေကြတာကို တွေ့ရပါတယ်ဗျာ။

ထုတ်လွှင့်သူတွေဘက်က သတင်းမှန်ကန်မှု ရှိ မရှိ၊ သတင်းအထောက်အထားခိုင်လုံတိကျမှု ရှိ မရှိ၊ ကြောင်းကျိုးဆီလျော်မှုရှိမရှိ၊ သင့်တော်သလားမသင့်တော်သလား လုံးဝမစဉ်းစား၊ အသံလွှင့်ဌာနပိုင်နိုင်ငံနဲ့ထူထောင်ပေးထားသူ နိုင်ငံတွေ၊ သတင်းဌာနပိုင်ရှင်တွေရဲ့ လိုတစ်မျိုး မလိုတစ်မျိုး စံနှုန်းတွေဘက်မှ မတော်မတရားရပ်တည်ပြီး မလိုမုန်းထား မခွေရ သမားတွေ မစားရဝခမန်းဖြစ်အောင် မြှန်ရေရှက်ရေ ထုတ်လွှင့်ကြေညာနေကြပါတယ်။ ဒီအသံလွှင့်ဌာနကြီးတွေဟာ သူတို့ဆရာကြီးတွေရဲ့ အကျိုးစီးပွားကို ထိခိုက်လာရင် ဆတ်ဆတ်ထိမခံ ဆောင်ရွက်ပုံတစ်ခုကို သက်သေသာဓကအဖြစ် တင်ပြလိုက်ပါတယ်ဗျာ။

ကာလကတော့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာပဲဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၁၉၄၇ခုနှစ် ဇန်နဝါရီလမှာ မြန်မာနိုင်ငံကို လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာဖို့အတွက် အင်္ဂလန်နိုင်ငံကို သွားရောက်ခဲ့ကြပါတယ်။ ၁၉၄၇ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့မှာတော့ မြန်မာနိုင်ငံကို လွတ်လပ်တဲ့အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် အာမခံလိုက်တဲ့ "အောင်ဆန်း–အက်တလီစာချုပ်"ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒီသတင်းကို မြန်မာပြည်သူပြည်သားတွေ သိရှိနိုင်ဖို့အတွက် ကြိုးပမ်းသူကတော့ BBC ဗြိတိသျှ အသံလွှင့်ဌာနကြီးရဲ့ မြန်မာပိုင်းအစီအစဉ်မှာ အမှုထမ်းနေတဲ့ မြန်မာလူမျိုး ဦးတင်မောင်ဆိုသူပဲဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း BBC ကနေ မြန်မာပြည်သူတွေထံ မိန့်ခွန်းပြောကြားဖို့ပဲဖြစ်ပါတယ်။

၁၉၄၇ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ဗိုလ်ချုပ်ကိုယ်တိုင် BBCအသံလွှင့်ဌာနကြီးကနေ မြန်မာနိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးနဲ့စပ်လျဉ်းပြီး အသံလွှင့်ပြောကြားဖို့ ကြိုးစားစီစဉ်ခဲ့ပါတယ်။

BBCအသံလွှင့်ဌာနဟာ နာမည်ကြီးသလောက် ကြီးကြပ်အုပ်ချုပ်မှုအပိုင်းမှာ ကြိုးနီစနစ်ကိုကျင့်သုံးတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်အသံလွှင့်ပြောကြားဖို့ ဦးတင်မောင်နဲ့အတူ မြန်မာအမျိုးသား BBCအမှုထမ်းတွေဖြစ်ကြတဲ့ ဦးသောင်းခင်နဲ့ ဦးအောင်ခင်တို့ကလည်း BBCအုပ်ချုပ်ရေးပိုင်း အကြီးအကဲများနဲ့ အကြိမ်ကြိမ် ကြိုးစားညှိနှိုင်းခဲ့ရတယ်လို့ သိရပါတယ်။ ဒီနေရာမှာ ပြည်ပသတင်းဌာနတွေမှာ သွားရောက် အမှုတော်ထမ်းနေကြရပေမယ့် အမျိုးသားရေးစိတ်ဓာတ်ပြင်းပြသူတွေ တစ်ခါကရှိခဲ့ဖူးပေမယ့် ခုမရှိတော့ပါကလားလို့ တွေးမိလိုက်ပါသေးတယ်။

ဒီလို ကြိုးစားစီစဉ်လို့လည်းအသံလွှင့်ခွင့်ရရှိခဲ့ပါတယ်။ ဗိုလ်ချုပ်ကလည်း မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေကို ဘိလပ်ကနေ ပူပူနွေးနွေး မင်္ဂလာ သတင်းကောင်း လက်ဆောင်ပါးဖို့အတွက် သူ့ရဲ့အသံလွှင့်မိန့်ခွန်းမူကြမ်းကို ကိုယ်တိုင်ကြိုးစားပမ်းစား ရေးသားပြုစုတယ်လို့ ဆိုပါတယ်ဗျာ။

ဒီလို အသံလွှင့်မိန့်ခွန်းကို ကြိုတင်ရေးသားရတဲ့အကြောင်းကတော့ BBC အသံလွှင့်ဌာနရဲ့ စည်းကမ်းကြောင့်ဖြစ်တယ်တဲ့ဗျ။ BBCမှာ အသံလွှင့်ပြောကြားချင်ရင် ပြောကြားမယ့်အကြောင်းတွေအားလုံးကို ကြိုတင်ရေးသားပြီး သက်ဆိုင်ရာရဲ့ခွင့်ပြုချက်ရဖို့ စိစစ်ခံရပါတယ်။ မြန်မာအဖွဲ့ခေါင်းဆောင်ရဲ့ "မြန်မာနိုင်ငံသို့ သဝဏ်လွှာ"ကိုလည်း ထုံးစံအတိုင်း BBC အာဏာပိုင်တွေထံမှာ တင်ပြရမှာဖြစ်လို့ ကြိုတင်ရေးသားရတာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်ဟာ မြန်မာနိုင်ငံသို့ ပို့ဖို့သဝဏ်လွှာကို အကောင်းဆုံးဖြစ်အောင် ကြိုတင်ရေးသားပြီး ဦးတင်မောင်ကတစ်ဆင့် BBCကို ပို့ခဲ့တယ်။ အသံလွှင့်ဖို့ချိန်းဆိုထားတဲ့ ဇန်နဝါရီလ ၂၈ ရက်နေ့ မွန်းလွဲ ၁နာရီ အချိန်ရောက်တော့ BBC အသံလွှင့်ဌာနကို သွားကြရပါတယ်။

နယ်ချဲ့ခေတ်မှာ ဆရာတော်ဦးဥတ္တမဟာ ဗီယက်နမ်နိုင်ငံဆိုင်ဂုံမြို့ကို ကြွသွားတဲ့အခါ ဆိုင်ဂုံမှာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေရတဲ့ မြင်ကွန်းမင်းသားက ဆွမ်းကပ်ခဲ့ပါတယ်။ မင်းသားက ညီနောင်အချင်းချင်း မညီညွတ်လို့ တိုင်းပြည်ကျွန်ဖြစ်ရကြောင်း၊ မြန်မာပြည်ကို မပြန်လိုတော့ကြောင်း လျှောက်ထားပါတယ်။ ဒီအခါ ဆရာတော် ဦးဥတ္တမက "ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလမှာ ညီနောင်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြတယ်။ မြန်မာပြည်ကို ကျူးကျော်ချင်တဲ့ အင်္ဂလိပ်တွေကလည်း မီးလောင်ရာလေပင့်ခဲ့တယ်။ တိုင်းတစ်ပါးကိုအားကိုးမှားရင် တိုင်းတစ်ပါးသားတွေဟာ သူတို့အလိုဆန္ဒပြည့်တဲ့အခါ မသိကျိုးကျွန် ပြုသွားတာပဲ မဟုတ်လား"လို့ ပြောဆိုဆုံးမစကားမိန့်ကြားခဲ့။

BBC ကိုရောက်တဲ့အခါ အသံလွှင့်မယ့်စာမူကို BBC အာဏာပိုင်တွေက စိစစ်ပြီးတဲ့ အခါ အချက်အလက်အချို့ ဖြတ်တောက်၊ ပြင်ဆင်ဖို့ လိုတယ်လို့ ဆုံးဖြတ်ခဲ့ပါသတဲ့ဗျာ။

BBC အကြီးအကဲတွေရဲ့ အကြောင်းပြချက်ကတော့ အသံလွှင့်မယ့်စာမူဟာ BBC မူဝါဒနဲ့ ဆန့်ကျင်တဲ့ နိုင်ငံရေးကိစ္စတွေ ပါဝင်နေလို့ မူရင်းအတိုင်း အသံလွှင့်ခွင့်မပြုတာလို့ ဆိုပါတယ်။ အမှန်မှာတော့ အသံလွှင့်မယ့်စာမူမှာ မြန်မာ့လွတ်လပ်ရေးကိစ္စနဲ့ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဗြိတိသျှအစိုးရတို့ ဆွေးနွေးညှိနှိုင်းရရှိတဲ့ "အောင်ဆန်း–အက်တလီစာချုပ်"ပါ အချက်အလက်တွေရဲ့ အနှစ်သာရကို မြန်မာပြည်သူတွေကို မူရင်းအတိုင်း ဖောက်သည်ချထားခြင်းပဲ ဖြစ်ပါသတဲ့ဗျာ။

"အောင်ဆန်း–အက်တလီစာချုပ်"ရဲ့ အပိုဒ်(၈)၊ အပိုဒ်ခွဲ(ခ)မှာ တောင်တန်းဒေသ ပြည်နယ်များအရေးကိစ္စဆိုပြီး ပါရှိခဲ့ပါတယ်။ ပြည်နယ်အသီးသီးက လူမျိုးစုခေါင်းဆောင်များက မိမိတို့ကလည်း မြန်မာပြည်မနဲ့ အေးအတူပူအမျှ လွတ်လပ်ရေးရယူမယ်ဆိုတဲ့ ဆန္ဒသဘောထား တိကျစွာပေးရန် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလမှာကျင်းပမယ့် ပင်လုံညီလာခံက မေးမြန်းဆန္ဒရယူရမယ်လို့ ဆိုထားတဲ့အချက်ပါပဲဗျာ။

မြန်မာကိုယ်စားလှယ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း BBC အသံလွှင့်ဌာနကတစ်ဆင့် အသံလွှင့်မယ့် သဝဏ်လွှာမှာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုက်တွန်းနှိုးဆော်တဲ့အချက်ဟာ BBC ရဲ့မူဝါဒ၊ ကိုလိုနီနယ်ချဲ့ရဲ့အကျိုးစီးပွားကို ထိခိုက်ဆန့်ကျင်တယ်လို့ BBC က ယူဆခဲ့ပါတယ်။

အမှန်အတိုင်း အပိုအလိုမရှိရေးသားထားတဲ့ သဝဏ်လွှာကို ဘီဘီစီ အာဏာပိုင်တွေက တစ်စိတ်တစ်ဒေသဖြတ်မယ်၊ ပြန်လည်ပြင်ဆင်ရမယ်လို့ ဆိုလာတဲ့အခါ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နဲ့ မြန်မာကိုယ်စားလှယ်အချို့ကလက်မခံခဲ့ပါဘူးတဲ့ဗျာ။ အချို့လို့သုံးရတာကလည်း ဘိလပ်ကိုသွားတဲ့ ကိုယ်စားလှယ်တွေထဲမှာ အင်္ဂလိပ်အလိုတော်ရိတွေလည်းပါနေလို့ပါပဲ။

နောက်ဆုံးမှာတော့ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မြန်မာပြည်သူတွေ ဦးဦးဖျားဖျားသိရမယ့်သတင်းဟာ သတင်းလွတ်လပ်မှုဆိုပြီး အသံကောင်းဟစ်နေတဲ့ BBCအသံလွှင့်ဌာနရဲ့ ကိုလိုနီနယ်ချဲ့စနစ်ကို အားပေးထောက်ခံတဲ့မူဝါဒ၊ မြန်မာတိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှာကို မနာလို မရှုဆိတ်တဲ့ အာဃာတတွေနဲ့ ဖြတ်တောက်ပိတ်ဆို့မှုကြောင့် အသံလွှင့်ခွင့် ဆုံးရှုံးသွားခဲ့ရပါတယ်ဗျာ။

ဒီဖြစ်ရပ်မှန်ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သွေးပါသူတွေရော၊ BBC သာ အဖ၊ BBC သာ အမိဆိုတဲ့ အမေကျော်ဒွေးတော်လွမ်းပြီး မျက်စိစုံမှိတ်ပြီး ယုံမှတ်လို့ပုံအပ်နေသူတွေအားလုံးကိုလိုနီနယ်ချဲ့ လက်သစ်နဲ့ လက်ဝေခံတွေရဲ့ အဇ္ဈတ္တအတွင်းသန္တာန်ကို ပြန်လည်သိရှိနိုင်ဖို့ ဥပမာသာဓကတစ်ရပ်ပဲရှိပါသေးတယ်။ အမျိုးကိုထိရင် မချိအောင် နာတတ်သူများ ပိုမိုသိရှိနိုင်ဖို့ အလျဉ်းသင့်လို့ ဖော်ပြလိုက်တာဖြစ်ပါတယ်။ အခုလည်း သီပေါဘုရင်ကို ပုဂ္ဂိုလ်ရေး မကျေနပ်လို့ အင်္ဂလိပ်အစိုးရဆီမှာ ခိုလှုံခဲ့တဲ့ မြင်ကွန်းမင်းသားလို လုပ်နေသူ အမျိုးသားသစ္စာဖောက်အချို့ ရှိနေပါတယ်ဗျာ။

နယ်ချဲ့ခေတ်မှာ ဆရာတော်ဦးဥတ္တမဟာ ဗီယက်နမ်နိုင်ငံဆိုင်ဂုံမြို့ကို ကြွသွားတဲ့အခါ ဆိုင်ဂုံမှာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေရတဲ့ မြင်ကွန်းမင်းသားက ဆွမ်းကပ်ခဲ့ပါတယ်။ မင်းသားက ညီနောင်အချင်းချင်း မညီညွတ်လို့ တိုင်းပြည်ကျွန်ဖြစ်ရကြောင်း၊ မြန်မာပြည်ကို မပြန်လိုတော့ကြောင်း လျှောက်ထားပါတယ်။ ဒီအခါ ဆရာတော် ဦးဥတ္တမက "ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလမှာ ညီနောင်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြတယ်။ မြန်မာပြည်ကို ကျူးကျော်ချင်တဲ့ အင်္ဂလိပ်တွေကလည်း မီးလောင်ရာလေပင့်ခဲ့တယ်။ တိုင်းတစ်ပါးကိုအားကိုးမှားရင် တိုင်းတစ်ပါးသားတွေဟာ သူတို့အလိုဆန္ဒပြည့်တဲ့အခါ မသိကျိုးကျွန် ပြုသွားတာပဲ မဟုတ်လား"လို့ ပြောဆိုဆုံးမစကားမိန့်ကြားခဲ့ပါသတဲ့ဗျာ။

ဒီလို ပြည်ပြေးတွေရဲ့ ပြည်တော်ပြန်မလှတဲ့ သာဓကတွေရှိပါလျက်ကယ်နဲ့ အနောက်မျှော်ပြီး အနောက်ကိုမှ အထင်ကြီးတဲ့သူတွေဟာ ပြည်တွင်းက မဟုတ်မမှန်သတင်းတွေပေးပို့ပြီး ပြည်ပဆရာကြီးတွေဆီက ထောက်ပံ့ကြေးတွေ ချူယူနေကြသလိုအမျိုးသားရေးကိုယ်ခံအား နည်းသူတွေကလဲ သတင်းမဟုတ် အတင်းအဖျင်းကိုမှ အမှန်လို့ တရားသေ လက်ခံယူဆနေကြပါတယ်။ သတင်းစာတစ်စောင်၊ သတင်းဌာနတစ်ခုက သတင်းထောက်တစ်ယောက်၊ သတင်းပေးတစ်ယောက်ဖြစ်ဖို့ဆိုတာ သတ်မှတ်ထားတဲ့ အရည်အချင်းသတ်မှတ်ချက်တွေရှိရပါတယ်ဗျာ။

အခုတော့ မြန်မာနိုင်ငံက အချို့သော အနောက်မျှော်အုပ်စုတွေဟာ မြန်မာနိုင်ငံက ဒေသအဖွဲ့အစည်းတွေနဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေရဲ့အပေါ်၊ ပုဂ္ဂိုလ်ရေးမကျေနပ်မှုတွေအပေါ် မူတည်ပြီး အမှန်ထက်အမှားဖက်ပြီး ပုံကြီးချဲ့ကားထားတဲ့ လုပ်ကြံသတင်းတွေကို အနောက်အုပ်စု အသံလွှင့်ဌာနတွေအကြိုက် ဖောဖောသီသီပေးပို့နေကြပါတယ်။ ဒါဟာ နိုင်ငံရဲ့ အနာဂတ်အရေးကိုမမြော်တွေးဘဲ မျက်တောင်မွေးတစ်ဆုံးသာကြည့်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။

BBCအပါအဝင် အနောက်အုပ်စုအသံလွှင့်ဌာနတွေ၊ပြည်ပဆရာကြီးတွေနဲ့၎င်းတို့ လက်ဝေခံတွေထူထောင်ထားတဲ့ သတင်းမီဒီယာတွေကလဲ မိမိတို့ရဲ့ ကိုလိုနီလက်သစ်ဝါဒကို အထောက်အကူပြုရင်ပြီးရော၊ ဘယ်သူသေသေငတေမာရင်ပြီးရောဆိုပြီး သတင်းမီဒီယာကျင့်ဝတ်ကို မစောင့်စည်းဘဲ ထုတ်လွှင့်ပေးနေကြပါတယ်ဗျာ။

ပေးပို့သူတွေဟာ အလိုလိုမိမိတို့ဘဝဟာအမျိုးသားသစ္စာဖောက်ဘဝ ဖြစ်သွားပြီဆို တာ အထူးသတိထားကြဖို့လိုပါတယ်။ အိမ်တွင်းရေးကိစ္စကို အဖေရင်းအမေရင်းကို အသိမပေးဘဲ အမေကျော်ဒွေးတော်လွမ်းနေတာဟာမဖြစ်သင့်တဲ့ကိစ္စလို့ ထင်မိပါတယ်။ ဘေးပြောတာကိုမယုံဘဲ သွေးပြောတာယုံကြမှ၊ သူခိုးကိုဓားရိုးမကမ်းဘဲ အမျိုးသားရေးသစ္စာကို စောင့်သိကြမှ မြန်မာနိုင်ငံရဲ့ အနာဂတ်သာယာလှပဖြောင့်ဖြူးမှာဖြစ်ပါတယ်။

BBC အပါအဝင် အနောက်အုပ်စုနဲ့ အပေါင်းပါအသံလွှင့်ဌာနတွေက သတင်းလွတ်လပ်ခွင့်ကို မိမိတို့အသံလွှင့်ဌာနရဲ့ အတ္တအကျိုးနဲ့ ယှဉ်ပြီး စိစစ်မှုမရှိဘဲ မြန်မာနိုင်ငံ ဖရိုဖရဲနဲ့ ပြိုကွဲပျက်စီးရေးဆိုတဲ့ မခွေရစိတ်ထားနဲ့ ဝါဒဖြန့်ချိရေးလက်နက်အဖြစ် တလွဲသုံးနေကြသရွေ့ သတင်းနှင့် ဆက်သွယ်ရေးပညာဟာ "အရူးလက် သေနတ်အပ်သလို" ဖြစ်နေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် BBC အပါအဝင် အချို့သော အသံလွှင့်ဌာနတွေရဲ့ ယနေ့မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းများ လုပ်ကြံထုတ်လွှင့်နေမှုဟာ အရူးလက်သေနတ်အပ်ဆိုတဲ့ ဥပမာနဲ့ ထိုက်တန်နေပါကြောင်း ဆိုလိုက်ချင်ပါရဲ့ဗျာ။ ။

ပြည်ပြေးတွေရဲ့ ပြည်တော်ပြန်မလှတဲ့ သာဓကတွေရှိပါလျက်ကယ်နဲ့ အနောက်မျှော်ပြီး အနောက်ကိုမှ အထင်ကြီးတဲ့သူတွေဟာ ပြည်တွင်းက မဟုတ်မမှန်သတင်း တွေပေးပို့ပြီး ပြည်ပဆရာကြီးတွေဆီက ထောက်ပံ့ကြေးတွေ ချူယူနေကြသလို အမျိုးသားရေးကိုယ်ခံအား နည်းသူတွေကလဲ သတင်းမဟုတ် အတင်းအဖျင်းကိုမှ အမှန်လို့ တရားသေ လက်ခံယူဆ နေကြပါတယ်။ သတင်းစာတစ်စောင်၊ သတင်းဌာနတစ်ခုက သတင်းထောက် တစ်ယောက်၊ သတင်းပေး တစ်ယောက်ဖြစ်ဖို့ဆိုတာ သတ်မှတ်ထားတဲ့ အရည်အချင်း သတ်မှတ်ချက် တွေရှိရပါတယ်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများသည် နိုင်ငံတော်သစ် တည်ဆောက်ရေးဖြစ်စဉ်၏ အခြေခံအကျဆုံးအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ခံယူ

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၇) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❁ **ကျောဖုံးမှ**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောရေးအတွက် မြန်မာတစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်နိုင်ငံကိုယ်တည်ဆောက်နေသည့် ယနေ့အချိန်အခါတွင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအား ပြည့်ဝခိုင်မာနေစေရန် အထူးလိုအပ်သည်ဆိုသည်ကို ဆရာ၊ ဆရာမများ အားလုံးက အလေးအနက် ခံယူထားပြီးဖြစ်မည်ဟု ယုံကြည်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့်လည်း အမျိုးသားပညာရည်မြင့်မားရေးတွင် ဆရာ၊ ဆရာမများ၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ယခုလို ဆရာ၊ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများကို အလေးထားဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်နေ

ဆရာ၊ ဆရာမများအားလုံး စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စေရန်၊ နိုင်ငံတော်၏ ပကတိ အခြေအနေမှန်များ၊ အနာဂတ်မျှော်မှန်းချက်နှင့် အလားအလာများ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိနားလည်စေရန်၊ အတွေ့အကြုံ အသိအမြင် ဗဟုသုတပွားများစေပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် ဆင်ခြင်တုံတရားဖြင့် နှိုင်းဆချင့်ချိန်သုံးသပ်ဆောင်ရွက်နိုင်ရေးအပြင် နိုင်ငံတကာအဆင့်မီ ပညာသင်ကြားရေးကို အထောက်အကူဖြစ်စေမည့် သင်ကြားမှု သင်ယူမှု နည်းစနစ်များကို ကျွမ်းဝင်တတ်မြောက်စေရန်ဆိုသည့် မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီး ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ထို့ကြောင့် ဤအထူးမွမ်းမံသင်တန်းများသည် ဆရာ၊ ဆရာမများ၏ ပင်ကိုရှိရင်းစွဲ အတွေ့အကြုံ ဗဟုသုတ၊ စွမ်းဆောင်မှုအရည်အသွေးနှင့် စိတ်ဓာတ်တို့ကို ပိုမိုတောက်ပြောင် ထက်မြက် မြင့်မားလာစေမှာဖြစ်၍ ဆရာ၊ ဆရာမများအတွက်ရော၊ မိမိတို့၏ တပည့် ကျောင်းသူ၊ ကျောင်းသားများအတွက်သာမက နိုင်ငံတော်အတွက်ပါ အလွန်တရာ အကျိုးတရားပွားများစေမှာ ဖြစ်ကြောင်းကို ခံယူထားကြရန် ပထမဦးစွာ ပြောကြားလိုကြောင်း။

ကြိုးစားလေ့လာ

ဆရာ၊ ဆရာမများအနေနှင့် တစ်နေ့တခြား ပိုမိုကျယ်ဝန်းနက်ရှိုင်းလာနေသည့် ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး အတွက်သာမက အခြေအနေ အချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရေးအတွက်ပါ ရည်မှန်းပြီး ဤသင်တန်းကပေးလာမည့် ပညာဉာဏ် အတွေ့အကြုံ ဗဟုသုတတို့ကို အပြည့်အဝရရှိစေရန် ကြိုးစားလေ့လာသွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

အမျိုးသား ပညာရည်မြင့်မားရေးနှင့် ပတ်သက်၍ ၁၉၉၈ ခုနှစ်က အခြေခံပညာကဏ္ဍတွင် စတင်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပညာရေးမြှင့်တင်မှုအစီအစဉ် အဆင့်ဆင့်မှသည် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ချိတ်ဆက်ပြီး ၂၀၀၀ ပြည့်နှစ်က စတင်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူး (၄)နှစ်စီမံကိန်းနှင့် ဤအထူး (၄)နှစ်စီမံကိန်း၏ ဒုတိယနှစ်က စတင်ပြီး ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်းစသည့် စီမံကိန်းအဆင့်ဆင့်တွင် သူ့အဆင့်အလိုက် လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာတွင် အခြေခံပညာနှင့် တက္ကသိုလ်/ကောလိပ် ဆရာ၊ ဆရာမများ၊ ပညာရေးသုတေသီများ၊ ပညာရှင်ကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများနှင့် ကျောင်းသူ၊ ကျောင်းသားများ၊ မိဘပြည်သူများ၏ ပူးပေါင်းလက်တွဲ စွမ်းဆောင်မှုများသည် လွန်စွာမှ အားရကျေနပ်ဖွယ် ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

အထူးသဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ်ကြီး (၁၀)ရပ်အနက်–

- **နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်ရေး၊**
- **အခြေခံပညာအရည်အသွေးမြင့်မားရေး၊**
- **ခေတ်မီဆက်သွယ်ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှု သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်ရေး၊**
- **ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရေး၊**
- **မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး**

စသည့် လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးသည် အနယ်နယ်အရပ်ရပ်တွင် အခြေခံဒေသကျေးလက်အထိ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှု၊ စည်းရုံးဆောင်ရွက်နိုင်မှုတို့အပေါ် တည်မှီလျက်ရှိကြောင်း။

နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း အခြေခံပညာကျောင်းများ အဆောက်အအုံနှင့် အသွင်အပြင်တိုးတက်ကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေး၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများပြည့်စုံရေး လုပ်ငန်းများတွင် မိဘပြည်သူများ ပူးပေါင်းပါဝင် လာစေရန် ဆရာ၊ ဆရာမများ၏ စည်းရုံးဆွဲဆောင်နိုင်မှုအပေါ် များစွာမူတည်လျက်ရှိကြောင်း။

အခြေခံအုတ်မြစ်များ

ထို့ကြောင့် အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ပညာရေးလုပ်ငန်းတာဝန်များကို သာမန်မျှသဘောမထားဘဲ ကျေးလက်ပညာရည်မြင့်မားရေးမှသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပဓာနကျသည့် အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းဖြစ်သည်ကို ခံယူထားကြရန် ပြောကြားလိုကြောင်း။

အထူးသဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ပညာရည်မြင့်မားရေး လုပ်ငန်းများသည် နိုင်ငံတော်သစ် တည်ဆောက်ရေးဖြစ်စဉ် အဆင့်ဆင့်၏ အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် တိုင်းတစ်ပါးက ဖန်တီးလာသည့် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ ဖိအားပေးအကျပ်ကိုင်မှုများက လွန်မြောက်စေရန် ကြိုးပမ်းတွန်းလှန်ရင်း တိုင်းပြည်အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံဖူလုံ စေရန်၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ နယ်စပ်ဒေသကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက် တစ်စထက်တစ်စ ကျဉ်းမြောင်းလာစေရန် ပြည်သူများ၏ အားကိုရယူပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများလည်း ယနေ့အချိန်အခါတွင် ရရှိနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံ

ယခုဆိုရင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ အခြေခံအကျဆုံး ခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးသည်လည်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး မကြာမီသောကာလတွင် ဆက်လက်ကျင်းပနိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း။

ဆရာ ဆရာမများအနေနှင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာတိုးတက်ဖြစ်ထွန်းရေး၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ ဉမကွဲသိုက်မပျက် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေးဆိုသည့် မွန်မြတ်မြင့်မားသည့်ရည်မှန်းချက်များထားရှိပြီး တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင် ဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်များကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်မှာကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားမှုနှင့်တကွ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီး တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက် လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ပေါ်ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၂၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၏ အကျိုးအာနိသင်နှင့် ထိရောက်မှုများကို သုတေသနပြုစစ်ဆေးပြီး သုံးစွဲရန်မသင့်ကြောင်းတွေ့ရှိပါက ပြည်သူများအား အလျင်အမြန်အသိပေး

▲ **ရှေ့ဖုံးမှ**

ကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် လိုက်ပါလျက် နံနက် ၁၁ နာရီခွဲတွင် ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ (စီမံကိန်း)သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စတင်ဆောင်ရွက်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင် ကားလမ်းမိုင်တိုင်(၃၅)၌ မြေဧရိယာ ၃၆၃ဒသမ ၆၅ဧကပေါ်တွင် ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံစီမံကိန်းကို ၂၀၀၃ခုနှစ် အောက်တိုဘာလမှစ၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ စက်ရုံစီမံကိန်း ပထမအဆင့်အဖြစ် ၂၀၀၅ခုနှစ် ဧပြီလမှ စတင်၍ စက်စမ်းသပ်လည်ပတ်ခဲ့ပါကြောင်း၊ စီမံကိန်း၏ ဒုတိယအဆင့်အဖြစ် ၂၀၀၆ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၇ခုနှစ် မတ်လအထိ စက်စမ်းသပ်လည်ပတ်ပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းပထမအဆင့် ထုတ်လုပ်မှုစက်စွမ်းအားအနေဖြင့် ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်တို့ကို ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

စမ်းသပ်စိုက်ပျိုး

စက်မှုကုန်ကြမ်းသီးနှံများကို အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက ဟဲဟိုးနှင့် သံတောင်ကြီးစိုက်ကွင်းများ၌လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြင်ဦးလွင်မြို့နယ်၊ ငဖဲမြို့နယ် နတ်ရေကန်နှင့် သရက်ချောင်းမြို့နယ်တို့၌ လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနက တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းဒေသ၌လည်းကောင်း စမ်းသပ်စိုက်ပျိုးလျက်ရှိပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သိန်းထွန်းက စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ထမ်းရေးရာ၊ စက်ရုံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ စက်ပစ္စည်း တပ်ဆင်လည်ပတ်မှုအခြေအနေနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)အတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အလွယ်တကူဝယ်ယူနိုင်ရေး

ယင်းနောက် အတွင်းရေးမှူး(၁)က ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)နှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲက ပြည်သူများအသုံးများသည့် အိမ်သုံးဆေးအမျိုးအစားများကို လွယ်လွယ်ကူကူနှင့် လုံလုံလောက်လောက် ဝယ်ယူအသုံးပြုနိုင်ရေး၊ မိမိတို့နိုင်ငံအတွင်း အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါကုသသည့် ဆေးဝါးများ ထုတ်လုပ်သွားရေး၊ ရောဂါအလိုက် အစွမ်းထက်မြက်သည့်

ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီဥ… သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတ… ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ရှိ… မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊… စက်ရုံ(စီမံကိန်း)တွင် ဆေးပြားနှင့် ဆေး… အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

အသက်ကယ်ဆေးဝါးများပါ ထုတ်လုပ်ရေးတို့… ဖြစ်၍ စီမံကိန်းလုပ်ငန်းများကို လုပ်ငန်းအစီအစ… ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်… ကျေးလက်နေပြည်သူများ အလွယ်တကူ ဝယ်… ကိုတင်စီမံ ဆောင်ရွက်ထားရန် မှာကြားသ…

> မြန်မာ့တိုင်းရင်းဆေးဝါးများကို ရှေးနှစ်ပေါင်းများစွာကပင် ယုံကြည်အားထားသုံးစွဲလာခဲ့ကြ၊ အထူးသဖြင့် ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိနေကြရာ အဆိုပါဆေးဝါးများ၏ အာနိသင်နှင့် ဖော်စပ်ပုံနည်းစနစ်များကို ခေတ်မီနည်းစနစ်များဖြင့် သုတေသနပြု မှတ်တမ်းတင်ထားရှိရန်လိုအပ်၊
>
> ဆေးဝါးတစ်ခုလုံး၏ အာနိသင်နှင့် ယင်းတွင် ပါဝင်သည့် ပရဆေးတစ်မျိုးစီ၏ အာနိသင်ကိုပါ သုတေသန စမ်းသပ်ချက်များဖြင့် မှတ်တမ်းတင်ထားရှိရန်လို။

စက်ရုံထုတ် ဆေးဝါးပစ္စည်းများကို ကျေးလက်နေ ပြည်သူများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်မည့်အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပြင်ဦးလွင် ဆေးဝါးလုပ်ငန်း စက်ရုံ(စီမံကိန်း)တွင် ဆေးပြားနှင့် ဆေးတောင့်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးပြားနှင့် ဆေးတောင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို စက်ခန်းတစ်ခုချင်းအလိုက် လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ရန် မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများကို လွယ်ကူစွာဖြင့် ဖြန့်ဖြူးနိုင်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရရှိရန်နှင့် ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ရယူသုံးစွဲ၍ ဆေးဝါးထုတ်လုပ်မှုနည်းပညာ အသိကြွယ်ဝစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဆေးသုတေသန

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ခန်းမဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိခဲ့ကြသည့် ခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) အဆောက်အအုံများ အကွက်ချပုံစံနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းအင်အား၊ ပြည်တွင်းပြည်ပ အစည်းအဝေးများနှင့် သင်တန်းများ စေလွှတ်မှုအခြေအနေ၊ တိုင်းရင်းဆေးသုတေသန ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် သုတေသနပြုစစ်ဆေးပြီး သုံးစွဲရန် မသင့်ကြောင်း တွေ့ရှိပါက ပြည်သူများအား အလျင်အမြန် အသိပေးသွားကြရန် လိုအပ်ကြောင်း။

မိမိတို့၏ သုတေသနလုပ်ငန်းဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ရှိ Electronic Library နှင့် စာအုပ်ခန်း၊ လက်တွေ့သုတေသနပြုလုပ်ရန် ဆေးဘက်ဝင်အပင် ၃၆၂ မျိုး အပင်ပေါင်း ၉၅၀၂ ပင် ပြုစုပျိုးထောင်ထားသည့် ပရဆေးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လေယာဉ်ပြေးလမ်း

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ရှိ အသစ်ထပ်မံတိုးချဲ့တည်ဆောက်နေသည့် အရှည်ပေ ၁၀၀၀၀၊ အကျယ်ပေ ၂၀၀ရှိ လေယာဉ်ပြေးလမ်းသစ် ခင်းကျင်းပြီးစီးမှုနှင့် ပေ ၃၀၀ x ပေ ၆၀၀အကျယ်ရှိ လေယာဉ်ရပ်နားရန်နေရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

သံနှင့်သံမဏိစက်ရုံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း အမှတ်(၁) သံနှင့် သံမဏိစက်ရုံသို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်အကြီးအကဲက တစ်နှစ်လျှင် သံစိမ်းနှင့် သံမဏိတန်ချိန် ၂၅၀၀၀ ထုတ်လုပ်နိုင်ရေးအတွက် ရည်မှန်းချက် တာဝန်ပေးထားသဖြင့် ဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ၂၀၀၄ ခု ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အသက်ကယ်ဆေးဝါးများပါ ထုတ်လုပ်ရေးတို့အတွက် လမ်းညွှန်မှုပေးထားပြီးဖြစ်၍ စီမံကိန်းလုပ်ငန်းများကို လုပ်ငန်းအစီအစဉ်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်ရုံထုတ်ဆေးဝါးပစ္စည်းများကို ကျေးလက်နေပြည်သူများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်မည့် အစီအစဉ်များကို ကြိုတင်စီမံ ဆောင်ရွက်ထားရန် မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း အမှတ်(၁)သံနှင့် သံမဏိစက်ရုံအတွင်း သံမဏိလုံးများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြုလုပ်မှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများ၊ လက်တွေ့သုတေသနပြုနိုင်ရန် ပရဆေးဥယျာဉ် ပျိုးထောင်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လေ့ကျင့်ပျိုးထောင်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက လုပ်ငန်းကဏ္ဍတိုင်းတွင် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများ လေ့ကျင့်ပျိုးထောင်သွားရန် လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ဆေးသုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များ မြန်မြန်ဆန်ဆန် ရရှိလာသည်နှင့်အမျှ ပြည်သူများ၏ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ထိထိရောက်ရောက် မြှင့်တင်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးဝါးများကို ရှေးနှစ်ပေါင်းများစွာကပင် ယုံကြည်အားထားသုံးစွဲလာခဲ့ကြကြောင်း၊ အထူးသဖြင့် ကျေးလက်နေ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိနေကြရာ အဆိုပါ ဆေးဝါးများ၏ အာနိသင်နှင့် ဖော်စပ်ပုံနည်းစနစ်များကို ခေတ်မီနည်းစနစ်များဖြင့် သုတေသနပြု မှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်း၊ ဆေးဝါးတစ်ခုလုံး၏ အာနိသင်နှင့် ယင်းတွင်ပါဝင်သည့် ပရဆေးတစ်မျိုးစီ၏ အာနိသင်ကိုပါ သုတေသန စမ်းသပ်ချက်များဖြင့် မှတ်တမ်းတင်ထားရှိရန်လိုကြောင်း။

ထို့ပြင် ယနေ့ ဈေးကွက်အတွင်းသို့ရောက်ရှိနေသည့် တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၏ အကျိုးအာနိသင်နှင့် ထိရောက်မှုများကိုလည်း

ဝန်ကြီးဌာန၏ ပြည်တွင်းကုန်ကြမ်း ရယူစုဆောင်းမှုအနေဖြင့် ကုန်ထုတ်လုပ်မှုတွင် အဓိကကျသော ကုန်ကြမ်းများဖြစ်သည့် သံရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ မဂ္ဂနီဒိုင်အောက်ဆိုဒ်၊ ခရိုမိုက်ကုန်ကြမ်းများကို မိမိအစီအစဉ်ဖြင့် အလျင်မီအောင် ထုတ်လုပ်စုဆောင်းခဲ့ပါကြောင်း၊ သံတိုသံစ ကုန်ကြမ်းရရှိရေးအတွက်ကိုလည်း မိမိဝန်ကြီးဌာနအစီအစဉ်ဖြင့် လည်းကောင်း၊ အခြားသော ဝန်ကြီးဌာနများနှင့် ဆက်သွယ်၍လည်းကောင်း ရယူခဲ့ပါကြောင်း။

လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်အရန်ပစ္စည်းများ အသစ်လဲလှယ်တပ်ဆင်အသုံးပြုနိုင်ခဲ့ခြင်းကြောင့် EAF(2) ဖို ပြိုင်တူကျိုချက်မှုကို ၂၀၀၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဆက်လက်ကြိုးပမ်း

စက်ရုံ၏ စက်မှုပြုပြင်မှုလုပ်ငန်းကိုလည်း လုပ်ငန်းစီမံချက်ချမှတ်ပြီး စနစ်တကျပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် စီမံချက်ကာလအတွင်း ယခင်ကထက် သံစိမ်း၊ သံမဏိ ပိုမိုထုတ်လုပ်လာနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားထားသည့် တစ်နှစ်လျှင် သံစိမ်းနှင့်သံမဏိတန်ချိန် ၂၅၀၀၀ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၀-၈-၂၀၀၅

ပူတာအို
၃ ဒသမ ၉၄ လက်မ

ဟုမ္မလင်းနှင့်ကျောက်ဖြူ
၂ ဒသမ ၄၈ လက်မ

ကော့သောင်း
၁ ဒသမ ၇၇ လက်မ

ခရမ်း
၁ ဒသမ ၆၅ လက်မ

ပျဉ်းမနား
၁ ဒသမ ၃၈ လက်မ

ကျောက်ပန်းတောင်း
၀ ဒသမ ၆၇ လက်မ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ပိုင်ကျုံရေထိန်းတံခါး
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)**
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၀၀ ၅။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်အဆင့်) (အမျိုးသား)
၅း၀၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၁၀ ၇။ သီချင်းကြီးပဒေသာ
၅း၂၀ ၈။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၅း၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀ ၁၀။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၆း၀၀ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျောက်ဆုံးသွားသောအရာ" (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)**
၇း၄၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၀။ **မြန်မာ့ဓာတ်ပြားခေတ်အစဉ် (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်။)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ကော်ဖီသီး အခွံချွတ်စက် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့နယ် ပွေးတောင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်း ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဗဟိုဌာနတွင် ကော်ဖီသီးအခွံချွတ်စက်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက ပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရရှိသည့် အမယ်သစ်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးသွားရန်နှင့် ကော်ဖီကေတစ်သိန်း စိုက်ပျိုးရေးကို လမ်းညွှန်သတ်မှတ်ပေးထား

❍ **စာမျက်နှာ ၉ မှ**

ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်အကြီးအကဲက စက်မှုကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံပိုင်စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်အောင် လိုအပ်သည့် ဖြည့်ဆည်းပေးမှုများနှင့်အတူ အစီအမံများ လမ်းညွှန်ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယခု အမှတ်(၁) သံနှင့် သံမဏိစက်ရုံ ကုန်ထုတ်စွမ်းအား တိုးတက်လာရေးအတွက်ကိုလည်း ရည်မှန်းချက် ပေးထားပြီးဖြစ်ရာ အဆိုပါ ရည်မှန်းချက် ပြည့်မီရေးအတွက် နည်းလမ်းများရှာဖွေပြီး ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံနှင့် သံမဏိစက်ရုံ သံပွထုတ်လုပ်သည့် မီးခံအုတ်နှင့် ပြည်တွင်း ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ ပြသထားမှုကိုလည်းကောင်း၊ စက်ရုံအတွင်း သံစိမ်း၊ သံမဏိတုံး၊ သံမဏိလုံးနှင့် သံမဏိချောင်းများ ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ပြင်ဦးလွင်မြို့ အမှတ်(၁) သံနှင့် သံမဏိစက်ရုံသည် နိုင်ငံတော်၏ အထူးစီမံကိန်းကြီးများ၊ ရထားလမ်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုလယ်ယာသုံးပစ္စည်းထုတ်လုပ်ရေးစက်ရုံများ၊ အကြီးစားစက်မှုလုပ်ငန်းများ၊ ကုန်ထုတ် သမဝါယမများနှင့် စက်မှုဇုန်များအတွက် လိုအပ်သော သံစိမ်း၊ သံမဏိတုံး၊ သံမဏိလုံးများနှင့် သံမဏိချောင်းများကို ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ပွေးတောင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဗဟိုဌာနသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက နိုင်ငံတော်အကြီးအကဲက ဆန်စပါး၊ ပဲ၊ ပြောင်းအပြင် ပြည်ပပို့ကုန် အမယ်သစ်များ ရှာဖွေရန်နှင့် ပြည်ပတွင် ဈေးကွက်ရှိနေသည့် ကော်ဖီကို ဖြစ်ထွန်းအောင်မြင်နိုင်သည့် ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်များ၌ ဧကတစ်သိန်း ပြည့်မီအောင် စိုက်ပျိုးရန် လမ်းညွှန်မှုပြုခဲ့သဖြင့် မြေနေရာများ ရှာဖွေဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်၌ ၅၉၂၄၂ဧကနှင့် နောင်ချိုမြို့နယ်၌ ဧက ၅၅၀၀၀ စုစုပေါင်း ၁၁၄၂၄၂ ဧက ဖော်ထုတ်နိုင်ခဲ့ကြောင်း။

မြေနေရာချထားပေး

ယင်းဖော်ထုတ်မြေများအနက် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဧက ၂၀၀၀၀၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက ၄၀၀၀၀နှင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက ၄၀၀၀၀ စိုက်ပျိုးနိုင်အောင် စီမံချက်ချဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ပုဂ္ဂလိကလုပ်ငန်းရှင် ၃၂၃ ဦးနှင့် အဖွဲ့အစည်းလေးဖွဲ့တို့အား နောင်ချိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ မြေဧက ၂၃၀၆၂ ဒသမ ၁၅ဧက စိုက်ပျိုးရန် မြေနေရာများ ချထားပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ လမ်းညွှန်မှာကြားချက်အရ ရပ်စောက်မြို့နယ် အင်တောကျောက်ဂူဒေသ၌ ကော်ဖီစိုက်ပျိုးရန် မြေလွတ်မြေရိုင်းဧက ၄၁၂၂၅ ဧကကို ဖော်ထုတ်ပြီး လုပ်ငန်းရှင်များအား မြေနေရာများ ခွဲဝေချထားပြီးဖြစ်ပါကြောင်း၊ ၂၀၀၅ခုနှစ် မိုးရာသီတွင် ကော်ဖီစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၈၇သိန်း ပျိုးထောင်ခဲ့ရာ ပျိုးပင် ၅၂သိန်း ဖြန့်ဖြူးခဲ့ပြီးဖြစ်ပါကြောင်း။

ကော်ဖီဧကတစ်သိန်း စိုက်ပျိုးရေးစီမံကိန်း အောင်မြင်ရေးအတွက် ဝန်ကြီးဌာနက ကော်ဖီစိုက်ပျိုးမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေရရှိရေး၊ ရေရရှိရေးနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံပိုင် ကော်ဖီခြံများ၏ မြေဧရိယာနှင့် စိုက်ပျိုးထားမှု၊ နိုင်ငံပိုင်ခြံများ၌ ကော်ဖီ၊ လက်ဖက်နှင့် အရိပ်ရပျိုးပင်များ ပျိုးထောင်ထားမှု၊ ကော်ဖီစက်ရုံများ၏ ထုတ်လုပ်မှုအခြေအနေ၊ ကော်ဖီသုတေသနလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေ၊ ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ကော်ဖီစေ့ ဝယ်ယူတင်ပို့ရောင်းချမှုအခြေအနေ၊ နှစ်အလိုက် ပြည်ပသို့ ကော်ဖီစေ့ တင်ပို့မှုအခြေအနေနှင့် ဝင်ငွေရရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကော်ဖီဧကတစ်သိန်း

ယင်းနောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်အကြီးအကဲက ပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရရှိသည့် အမယ်သစ်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးသွားရန် လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီး ကော်ဖီဧက တစ်သိန်း စိုက်ပျိုးသွားရေးကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်နှင့် နောင်ချိုဒေသများ၌ လုပ်ကွင်းလုပ်ကွက်များစွာ ရှိနေပြီး စိုက်ပျိုးအောင်မြင်နိုင်သည့် ရာသီဥတုအခြေအနေလည်းရှိကြောင်း။

ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြေယာပြုပြင်စိုက်ပျိုးပြီးသည့် လုပ်ကွက်ကြီးများကို တန်ဖိုးသင့်၍ ပြန်လည်ရောင်းချသည့်စနစ်ကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များသိရှိအောင် အသိပေး ဖိတ်ခေါ်သွားရန်လိုကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ကျေးရွာများမှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုသူများအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြေယာလုပ်ပိုင်ခွင့် ချထားပေးခြင်းအပြင် ကော်ဖီမျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✡

လုပ်ငန်းရှင်များသိရှိအောင် အသိပေးဖိတ်ခေါ်

ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြေယာပြုပြင် စိုက်ပျိုးပြီးသည့် လုပ်ကွက်ကြီးများကို တန်ဖိုးသင့်၍ ပြန်လည်ရောင်းချသည့် စနစ်ကိုလည်း ပုဂ္ဂလိက လုပ်ငန်းရှင်များသိရှိအောင် အသိပေးဖိတ်ခေါ်သွားရန်လို၊

ထို့ပြင် ပတ်ဝန်းကျင်ကျေးရွာများမှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုသူများ အတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားကြရန်လို။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ အရာခံနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

✡ **စာမျက်နှာ ၁၀မှ**

နည်းပညာ ကူညီပံ့ပိုးပေးခြင်းနှင့် ဈေးငွေရရှိရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

အောင်မြင်အောင်ကြိုးပမ်း

နိုင်ငံတော်အကြီးအကဲက ရည်မှန်းချက်ပေးထားသည့် ကော်ဖီဧက တစ်သိန်းပြည့်မီရေးအတွက် စီမံချက်အတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မှိုမျိုးထုပ်နမူနာများ၊ ဝန်ကြီးဌာနကော်ဖီခြံက ထုတ်လုပ်သည့် ထုပ်ပိုးပြီးကော်ဖီမှုန့်များ၊ ကာတီမိုး (Catimor) ပျိုးပင်ခုနစ်သိန်းနှင့် အာရေဘီကာ (Arabica S.795) ပျိုးပင်တစ်သိန်း ပျိုးထောင်ထားမှုများနှင့် ကော်ဖီသီး အခွံချွတ်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခုတင် ၂၀၀ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ တည်ဆောက်ရေး စီမံကိန်းပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်စောဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁)က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပြင်ဦးလွင်မြို့ ခုတင် ၂၀၀ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ တည်ဆောက်ရေး စီမံကိန်း၏ သံကူကွန်ကရစ် တစ်ထပ်ဆေးကုသဆောင် လေးလုံး၊ သံကူကွန်ကရစ် နှစ်ထပ် ဆရာဝန်နေအိမ် လေးခန်းတွဲနှစ်လုံးနှင့် သံကူကွန်ကရစ် နှစ်ထပ် သူနာပြုနေအိမ် ခြောက်ခန်းတွဲ နှစ်လုံးအပါအဝင် လုပ်ငန်းတစ်ခုလုံး တည်ဆောက်မှုမှာ ၅၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၂၉ ရက် နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ အရာခံနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်ကြည်၊ ပြင်ဦးလွင် တပ်နယ်မှူးနှင့် စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိ အရာခံ မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရေး၊ အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အတူ ပူးပေါင်းဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ အရာခံနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော မြို့တော်ဖြစ်စေရန် ရည်ရွယ်ချက်ထားကာ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းဆုံအနီး ပါရမီလမ်းကို စက်ယန္တရားများဖြင့် လေးလမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းတစ်လျှောက် စက်ယန္တရားဖြင့် ကတ္တရာလမ်းသား ပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းတစ်လျှောက်စက်ယန္တရားဖြင့်လေးလမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက် စက်ယန္တရားဖြင့် ကတ္တရာလမ်းသားပြုပြင် ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်ဆယ်ယူရှင်းလင်းထားသည့် အခြေအနေ၊ အင်းလျားမြိုင် လမ်းတစ်လျှောက် စက်ယန္တရားဖြင့် ကတ္တရာလမ်းသားပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းမကြီးတစ်လျှောက် စက်ယန္တရားများဖြင့် လေးလမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းလျက်ရှိသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အမှိုက်၊ ရွှံ့နှင့်နုန်းများကို စနစ်တကျ စွန့်ပစ်ရှင်းလင်းကြရန်နှင့် လမ်းသားအစဉ်ကြံ့ခိုင်မှု ရှိပြီး ရေရှည်အသုံးပြုနိုင်အောင် စီမံခင်းကျင်းကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက်ဗဟန်းမြို့နယ်အနောက်ရွှေဂုံတိုင် လမ်းမကြီးတစ်လျှောက် စက်ယန္တရားဖြင့် လေးလမ်းသွား နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ရန်ကုန်တိုင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပိုက်ဆက်အတတ်ပညာ အပိုင်း(၂)
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	မိုးလေဝသခန့်မှန်းချက်
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဆူနာမိရေလှိုင်း ကာကွယ်ရေးအကြောင်း သိကောင်းစရာ
၈း၃၅	Say it in English
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ အကယ်ဒမီ ခင်ယုမေ (အပိုင်း-၄)
၉း၃၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၉း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် တွေ့ဆုံခြင်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ရော်ဘာကြိတ်လုံး ထုတ်လုပ်ပုံအဆင့်ဆင့်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဆပ်ပြာစက်ရုံ(မန္တလေး)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၁၀း၀၀	Man City-Portsmouth
လိုင်း	5-Cartoons(Delay)
၁၁း၃၀	Goals
လိုင်း	5-Cartoons(Delay)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၂၂ရက် မွန်းလွဲ ၂နာရီက ကျိုင်းတုံမြို့နယ် မိုင်းဇင်း စံပြကျေးရွာအနီး ယာယီမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုရပ်မိရပ်ဖများ၊ ဒေသခံတောင်သူလယ်သမားများ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအေးသိန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များအလိုက် မိုးစပါး ထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှု အစီရင်ခံစာကို တိုင်းမှူးထံပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနှင့်ကိုက်ညီသော အခြားစီးပွားဖြစ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ထွန်တုံးပိတ်အထိမ်းအမှတ်အဖြစ် ကျင်းပသော ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျေးရွာကောက်စိုက်အဖွဲ့များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ယာယီမဏ္ဍပ်တွင် စိုက်ပျိုးရေးပြခန်း၌ ခင်းကျင်းပြသထားရှိသော စပါးမျိုးအလိုက် ဆန်နှင့်ထမင်းများကို လည်းကောင်း၊ ပြည်တွင်းဖြစ် ဓာတ်မြေဩဇာများ၊ အဇိုလာ သဘာဝကျောက်ခက် မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် ကောက်ရိုး သဘာဝမြေဩဇာပြုလုပ်မှု လက်တွေ့သရုပ်ပြ ဆောင်ရွက်မှုကို လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ခင်းကျင်းပြသထားရှိသော လယ်ယာ(၁၆) လက်ထွန်းထွန်စက်၊ ဓားစက်ထွန်၊ နှစ်သွားလင်ဗန်းထယ်၊ ကောက်ရိတ်စက်နှင့် ချွေလှေ့စက်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးစပါး ဧက လေးသိန်းထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၂၄၀၂၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခု၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါးရာသီတွင် ၂၉၄၃၇၁ ဧက ထွန်တုံးပိတ်စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် လာမည့် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးရာသီတွင် စိုက်ဧက လေးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပ (၉)ရပ်ကွက် ဝေဇယန္တာလမ်း အမှတ် ၈၁၁(က)နေ ကွယ်လွန်သူ ဦးကျော်သိန်း-ဒေါ်ကြည်ကြည်အေးတို့အား ရည်စူး၍ ဦးအောင်ဇော်မြင့်-ဒေါ်ဝင်းစန္ဒီကျော်၊ သမီး မဆုသဉ္ဇာကျော် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရား စေတီရံ၁၀၈ ဆူတို့တွင် တစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ညောင်ရိပ်သာတရားစခန်း

ရန်ကုန် ဩဂုတ် ၃၀

သာကေတမြို့နယ် (၁၀)တောင် ရပ်ကွက် (၁၀၈)တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က တော်သလင်းလဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို ဟောပြောပြသမည် ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများနှင့် အလှူပါဝင်လိုသူများသည် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဟိန္ဒူမိသားစုဝင်များ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၃၀

သနန္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်ကကြီးမှူး၍ ဟိန္ဒူမိသားစုဝင်များ၏ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ၁၅ ပါးနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ဆရာတော် ၇၃ပါးတို့အား ဝါဆိုသင်္ကန်း ကပ်လှူခြင်းနှင့် သံဃာတော်အပါး ၄၅၀တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကုမ္မာရီ ဟိန္ဒူအမျိုးသမီးများက မင်္ဂလသုတ်ကို ရွတ်ဖတ်ပူဇော်ကြပြီး သနန္တန ဓမ္မပါလကအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်မင်းက အဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိသည့် ဘာသာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗန္ဓုလအင်တာနေရှင်နယ်ကုမ္ပဏီမှ ဦးဘီအယ်ဂိုအင်ကာ(ခ) ဦးရွှေမိသားစုက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ အသုံးပြုရန် ဇာတကအဋ္ဌကထာ ပါဠိတော်(၇)ကျမ်းတွဲ ခုနစ်စုံကို ဆက်ကပ်လှူဒါန်းသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ပြည်လမ်းနေ မောင်ဇော်လင်း-မသဉ္ဇာလွင်တို့၏ မင်္ဂလာဦးအထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးနှင့် အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လယ်တီစံရိပ်သာ အလှူငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

ပုဇွန်တောင်မြို့နယ် မဟာစည် ဩဝါဒခံ လယ်တီစံသာသနာ့ရိပ်သာ ဆောက်လုပ်ဆဲသုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက ပြုလုပ်ရာ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဒေါ်ကျင်စိန် သားသမီးတစ်စုက (ဦးညွန့်ရွှေ)အား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း၊ အောက်ပုဇွန်တောင်လမ်းနေ ဒေါ်ယဉ်မြနှင့် သားသမီးများက အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ပေးအပ်လှူဒါန်းကြရာ ရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ (၂၃)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁-၉-၂၀၀၅ မှ ၇-၉-၂၀၀၅)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆ လမှ ၅နှစ်အရွယ်ကလေးများကို ဗီတာမင် အေ ဆေးလုံးတိုက်ပါ။

ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်အားဆေးမှီဝဲပါ။

အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

ပေးအပ်ချီးမြှင့်

တောင်ဥက္ကလာပမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုနှင်းသဘင် အခမ်း အနားကို ဩဂုတ် ၂၇ ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မဇာခြည်ဝင့်ဖြူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်း ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Importance of Micro Business in Economic Development (ပထမနှစ်-စီးပွားရေးပညာ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၁။ သာယာသီကြွေးဓလေ့ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံ့သာပျံ့ပါ ထက်အာကာ" (အပိုင်း-၂)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၂၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ

လူမှုဝန်ထမ်းသင်တန်းကျောင်းများမှ ထူးချွန်ကလေးငယ်များအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၃၀

လူမှုဝန်ထမ်း ဦးစီးဌာန အောက်ရှိ သင်တန်းကျောင်းများမှ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ အားကစား ထူးချွန် မသန်စွမ်းကလေးငယ်များနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၂ဦးတို့အား ချီးမြှင့်ငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အထူးအိုလံပစ်ပြိုင်ပွဲတွင် အားကစားထူးချွန် မသန်စွမ်းကလေးငယ် ၁၂ဦးတို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ မစုပုံချစ်အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ ရန်ကုန် အမျိုးသမီး ကလေးသင်တန်းကျောင်းမှ ကျောင်းသူ ခြောက်ဦး၊ ရန်ကုန် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသားသုံးဦးနှင့် ကျောင်းသူတစ်ဦး၊ ရန်ကုန် ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းမှ ကျောင်းသားတစ်ဦးနှင့် မန္တလေး အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျောင်းသူ တစ်ဦး စုစုပေါင်း ၁၂ဦးတို့အောင်မြင်ခဲ့ကြသည်။ ထို့အပြင် ၂၀၀၅ခုနှစ် ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော မသန်စွမ်းသူများဆိုင်ရာ အထူးအိုလံပစ် အားကစားပြိုင်ပွဲ၌ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းမှ ကလေးငယ် ၁၂ဦးတို့က ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ၁၁ခုနှင့် ကြေးတံဆိပ်ငါးခုတို့ကို ရရှိခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုပွဲသို့ အလှူရှင်များဖြစ်ကြသော ဦးတင်လှနှင့် အဂ္ဂမဟာသီရိသုဓမ္မဓဇ လူမှုထူးချွန် ဒုတိယဆင့် ဒေါ်အေးအေးကြည်တို့က ငွေကျပ် ၁၀ သိန်း၊ ACEဆောက်လုပ်ရေးလုပ်ငန်းမှ သီရိသုဓမ္မမဏိ ဇောတဓရ စက်မှုစီးပွား ထူးချွန် ပထမဆင့် ဦးတင့်ဆန်းနှင့် ဒေါ်ဌေးဌေးငြိမ်းတို့က ငွေကျပ်၁၀သိန်း၊ Sun Far Travel and Tour မှ ဦးသန်းဦး-ဒေါ်နှင်းကြည်တို့က ငွေကျပ်ကိုးသိန်း၊ ပြည့်ဖြိုးထွန်း ကုမ္ပဏီမှ ဒေါက်တာအောင်လွင် - ဒေါ်သက်စန္ဒာတို့က ငွေကျပ်ခြောက်သိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မဓဇ ဒေါ်ခင်နွဲ့ရီ၊ သားဒေါက်တာတင်စိုးလင်း၊ သမီးဒေါ်ပွင့်မာခိုင်၊ မြေးမြစ် ရွှေပုစွန်မိသားစုတို့က ငွေကျပ်ငါးသိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဝင်းမြင့်က ငွေကျပ်ငါးသိန်း၊ မြန်မာပြည်သားဟော့ KN. Co. Ltd မှ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မဓဇ ဒေါ်စန်းဝင်း တို့က ငွေကျပ်သုံးသိန်း၊ILBCမှ ဦးတင်မောင်ဝင်း-ဒေါ်ရူပါ၊ Shine Hope Co, Ltd မေတ္တာမွန်အဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ ဒို့ရွှေပြည် ဆောက်လုပ်ရေးမှ ဦးမြတ်စိုး၊ For Most Co, Ltd မှ ဦးကြည်သိန်းတို့က ငွေကျပ်ငါးသောင်း အပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၅၁သိန်းကို ပညာရေးရန်ပုံငွေအတွက် ငွေပဒေသာပင်များ စိုက်ထူခဲ့သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဓဇ လူမှုထူးချွန် ဒုတိယဆင့် ဒေါ်အေးအေးကြည်က ပညာရေးရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ(သတ္တမအကြိမ်)ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပါမည်။

နေ့ရက် - ၇-၉-၂၀၀၅(ဗုဒ္ဓဟူးနေ့)
အချိန် - မွန်းလွဲ ၂း၃၀နာရီ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင်လှူဒါန်းလိုကြသော စေတနာ ရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန် -
၂၄၅၆၁၅၊ ၂၄၅၆၂၄၊ ၃၇၁၃၃၉၊ ၃၇၉၇၆၀၊ ၂၅၂၄၅၁၊ ၂၅၂၄၅၈။

ပြန်ကြားရေးဝန်ကြီးဌာန

ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ တပ်မတော်(ရေ)အသင်းဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ တပ်မတော်(ရေ) ဘောလုံးအသင်းနှင့် လျှပ်စစ်စွမ်းအား ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တပ်မတော်(ရေ)ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကိုကျင်းပရာ ဒုတိယဆုရ လျှပ်စစ်စွမ်းအား ဘောလုံးအသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ကျပ်သုံးသိန်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက လည်းကောင်း၊ ပထမဆုရ တပ်မတော်(ရေ)ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လည်းကောင်း၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆု ကျပ်ငါးသိန်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော တပ်မတော်(ရေ) ဘောလုံးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုဖလားကြီးကို ချီးမြှင့်စဉ်။ (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)

ဆေးခန်းအတွက် ငွေလှူ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းအတွက် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်လမ်းနေ ဦးအောင်မြင့်ရွှေ - ဒေါ်သင်းသင်းဝေ မိသားစုက ငွေကျပ်ငါးသောင်း၊ သဃ်န်းကျွန်း သီရိရတနာရိပ်သာ ခေမာသီလမ်းနေ ကိုသက်ခိုင်ဝင်း-မတင်ပပလင်းတို့က ငွေကျပ်သုံးသောင်း၊ တာမွေလေး၊ ဦးဘကျော်လမ်းနေ ရွှမ်းပပအောင်၏ မွေးနေ့အတွက် ငွေကျပ်သုံးသောင်းတို့ကို လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၃၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၃ နာရီ ၂ မိနစ် ၅၈ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၂၆မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မှော်ဘီမြို့အနီး) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေအားနည်းနေမည်

ရန်ကုန် ဩဂုတ် ၃၀

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃၀နာရီ အချိန်တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားပြီဖြစ်သည်။

ဩဂုတ် ၃၁ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

ချင်းတွင်းနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်၌ တည်ရှိနိုင်

ရန်ကုန် ဩဂုတ် ၃၀

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ အချိန် တိုင်းထွာချက်အရ မော်လိုက်မြို့၌ ၁၂၄၀စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၆ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဖွံ့ဖြိုးရေး (၃)လမ်းနေ ဦးဇော်အောင်-ဒေါ်နွဲ့နွဲ့ဝင်း မိသားစုက မောင်ထက်အောင်ရဲရင့်၏ ငါးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က-ပ)

မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်ကကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် မခိုင်ဇံဝေအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

လေယာဉ်ပြေးလမ်းသစ် ခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ အနီးစခန်း လေဆိပ်လေယာဉ်ပြေးလမ်းသစ် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၅ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆီရီ အဗ္ဗဒူလာဘင် ဟာဂျီ အာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်နိုင်ငံကို တည်ဆောက်နေသည့် ယနေ့အချိန်အခါတွင် အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားပြည့်ဝခိုင်မာနေစေရန် အထူးလိုအပ် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ၌ ဖွင့်လှစ်သော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❋

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြေမှန် The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည် အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေး၊ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကား ပြန့်ပွားလာရေးတို့အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

ခေါင်းကြီး–စာမျက်နှာ–၂

ပြည်ပြေးတွေရဲ့ ပြည်တော်ပြန်မလှတဲ့ သာဓကတွေ ရှိပါလျက်ကယ်နဲ့ အနောက်မျှော်ပြီး အနောက်ကိုမှ အထင်ကြီးတဲ့သူတွေဟာ ပြည်တွင်းက မဟုတ်မမှန် သတင်းတွေပေးပို့ပြီး ပြည်ပဆရာကြီးတွေဆီက ထောက်ပံ့ကြေးတွေ ချူယူနေကြသလို အမျိုးသားရေး ကိုယ်ခံအားနည်းသူတွေကလည်း သတင်းမဟုတ် အတင်းအဖျင်းကိုမှ အမှန်လို့ တရားသေလက်ခံယူဆနေကြပါတယ်။

ခြင်ကျား(မအူပင်)၏ ***အိုဘယ့်......BBC***

ဆောင်းပါး–စာမျက်နှာ–၆